ကြေးမုံ
The Mirror
၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (31-8-2010) (၆၅၀၇)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၀ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားနိုင်ငံ ဘုရင် တွမ်ကူ မီဇန် ဇိုင်နယ် အဘီဒင် အစ်ဘနီ အယ်လ်မာဟွန်း ဆူလ်တန်မာမွတ် အယ်လ်မုတာဖီ ဘီလားရှား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၀ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် ဘီတွန်း ဟာဂျီ အဗ္ဗဒူ ရာဇတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP)** က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၂)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

မင်းဘူး - အမ်းလမ်းပိုင်း အဆင့်မြှင့်တင်တည်ဆောက်။



စာမျက်နှာ - ၂

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်း ရောက်ရှိ။

စာမျက်နှာ - ၇

ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဝေဆာနေသည့် ငွေးချိုရေလှောင်တမံ

သတင်းဆောင်းပါး - ပေထွက်ဇော် (ရေစကြို)၊ ဓာတ်ပုံမှတ်တမ်း - ပေထွက်လူ

အဆင်အပြင်-ခင်မျိုးနိုင်

မကွေးတိုင်းဒေသကြီးတွင် နိုင်ငံတော်က ဆည်တမံများ တည်ဆောက် ပေးလျက်ရှိရာ ရေစကြိုမြို့နယ်အတွင်း တည်ဆောက် ထားသည့် ငွေးချို ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ခြင်း ပန်းများပွင့်လန်းရာမြေတွင် အညာဒေသတစ်ခွင်လည်း အပါအဝင်ဖြစ်ပါသည်။

အညာဒေသ တစ်ခွင်တွင် စိုက်ပျိုးမြေအတွက် စိုက်ပျိုးရေမခက်တော့၍ သီးနှံစိုက်ပျိုးဝင်ငွေတိုးနေကြသည့် မကွေးတိုင်းဒေသကြီးတွင် နိုင်ငံတော်က ဆည်တမံများ တည်ဆောက်ပေးလျက်ရှိရာ ရေစကြိုမြို့နယ်အတွင်း တည်ဆောက်ထားသည့် ငွေးချိုရေလှောင်တမံကို ကြေးမုံသတင်းအဖွဲ့ သွားရောက်လေ့လာဖြစ်သည်။ ထို့နောက် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် တွေ့ဆုံကာ သိရှိလိုသမျှမေးမြန်းခဲ့ကြရာတွင်

“ငွေးချိုရေလှောင်တမံကတော့ ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု ငွေးချိုကျေးရွာအနီး ဆင်မဝင်ချောင်းကို မြေသားတမံပိတ်၍ တည်ဆောက်ထားတာဖြစ်ပါတယ်။ ရေလှောင်တမံဆိုင်ရာ အချက်အလက်တွေကတော့ ရေဆင်းဧရိယာ ၆ ဒသမ သုည စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန်က ၁၉ လက်မ၊ နှစ်စဉ် စီးဝင်ရေက ဧကပေ ၁၈၀၀၊ တမံအမျိုးအစားက မြေသား တမံဖြစ်ပြီး တမံအမြင့် ၅၇ ပေ၊ တမံအလျားပေ ၂၁၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၈၄၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၃၉၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၁၂၄ ဧက၊ ရေထုတ်ပြွန်အမျိုးအစား ၂ ဒသမ သုည ပေ၊ အချင်း သံကူကွန်ကရစ်ပိုက်၊ ရေထုတ်ပြွန်ဒီဇိုင်းရေဒုစီးနှုန်း ၁၅ ကုဗပေ/စက္ကန့်၊ ရေပိုလွှဲအမျိုးအစားက ကျောက်စီပန်းရန်၊ ရေပိုလွှဲအကျယ် ပေ ၄၀၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၃၀-၈-၂၀၁၀)

နေပြည်တော် (ရေဆင်း)	**သံတွဲ**
သုည ဒသမ ၂၇ လက်မ	**၂ ဒသမ ၉၉ လက်မ**
မာန်အောင်	**ကျိုက္ခမီ**
၄ ဒသမ ၄၉ လက်မ	**၂ ဒသမ ၉၁ လက်မ**
ရေး	**ထားဝယ်**
၃ ဒသမ ၉၃ လက်မ	**၂ ဒသမ ၇၂ လက်မ**

ကြေးမုံ The Mirror

၃၁-၈-၂၀၁၀
(အင်္ဂါနေ့)

ဆန်စပါးထုတ်လုပ်မှု မြင့်မားအောင်စွမ်းဆောင်

နိုင်ငံစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် လယ်ယာကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးကို ဦးတည်ကြိုးပမ်းနေသည်။ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတွင် လယ်ယာကဏ္ဍ၏ ပါဝင်မှုအချိုးအစား များပြားသည်။ လယ်ယာ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာသကဲ့သို့ ထွက်ကုန်သီးနှံများ ပြည်ပတင်ပို့နိုင်မှုလည်း နှစ်စဉ်တိုးတက်နေသည်။

ကျေးလက်ဒေသများတွင် နိုင်ငံလူဦးရေ၏ အများစုနေထိုင်လျက်ရှိပြီး ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဆန်စပါးအပါအဝင် လယ်ယာကဏ္ဍ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေး စွမ်းဆောင်ကြခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားနှင့် နိုင်ငံ့စီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

နှစ်စဉ် မိုးစပါး၊ နွေစပါး ဧကသန်း ၂၀ ကျော် စိုက်ပျိုးနိုင်လျက်ရှိရာ စပါးတင်းသန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိနေပြီ။ ယခုနှစ်စိုက်ပျိုးရာသီတွင် စပါးတင်းသန်းပေါင်း ၁၆၀၀ကျော် ထွက်ရှိရေး ကြိုးပမ်းနေကြပြီ။ စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးတွင် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးကြရပေမည်။ အထွက်နှုန်းပိုမိုရရှိစေမည့် စိုက်နည်းစနစ်လည်း မှန်ကန်စွာ ကျင့်သုံးကြရမည် ဖြစ်သည်။

စိုက်ပျိုးမြေတိုးချဲ့ရန် ခက်ခဲသောဒေသများတွင် လက်ရှိစိုက်ဧကများ၌ စပါးအထွက်နှုန်း တိုးရေးနည်းလမ်း ရှာဖွေကြိုးပမ်းကြရပေမည်။ အဓိကသွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်သည်။ ပင်ရင်းစပါးမျိုးနှင့် လိုအပ်သည့် နည်းပညာတို့ကို သက်ဆိုင်ရာဌာနတို့က ဖြည့်ဆည်းပေးကြရပေမည်။

အရည်အသွေးကောင်း အထွက်နှုန်းတိုး သီးနှံမျိုးများ အသုံးပြုရုံသာမက ခေတ်မီ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစုများ ပြည့်စုံစေရေး ကူညီပံ့ပိုးပေးကြရပေမည်။ ထို့အပြင် ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းအဆင့်ဆင့်၌ လေလွင့်မှုနည်းပါးစေရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများကို တောင်သူလယ်သမားတိုင်း သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးကြရမည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် လယ်ယာစီးပွား အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆည်တမံပေါင်း နှစ်ရာကျော် တည်ဆောက်ပေးထားပြီ။ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ကူညီပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးပညာရှင်များ၏ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ ဆန်စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် စွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းဘူး-အမ်းလမ်းအပိုင်း ကတ္တရာလမ်း အဆင့်မြှင့်တည်ဆောက်မှု ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မင်းဘူး-အမ်းလမ်း (မင်းဘူး-ပဒါန်း)အပိုင်းတွင် တောင်ပေါ်လမ်း လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

နေပြည်တော် ဩဂုတ် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၈ရက် နံနက်စနာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မင်းဘူးခရိုင်ရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်းဘူး-အမ်းလမ်းအပိုင်းတွင် တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်သည့် လမ်းအထူးအဖွဲ့သုံးဖွဲ့၊ ခရိုင်အဖွဲ့သုံးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၃ဖွဲ့ စုစုပေါင်း ၁၉ ဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရန်ကုန်-စစ်တွေလမ်း (မင်းဘူး-အမ်း) လမ်းအပိုင်း လမ်းချဲ့ခြင်းနှင့် ကတ္တရာလမ်း အဆင့်မြှင့်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

ထို့နောက် ဒုတိယအင်ဂျင်နီယာချုပ် (လမ်း) ဦးသိန်းဇော်က ရန်ကုန်-စစ်တွေလမ်း (မင်းဘူး-အမ်း) လမ်းအပိုင်းကို စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် မော်တော်ယာဉ်ဖြင့် မင်းဘူးမြို့မှ ထွက်ခွာပြီး မင်းဘူး-အမ်းလမ်း (မင်းဘူး-ပဒါန်း) အပိုင်း၌ ပန်းသီးကုမ္ပဏီက စက်ယန္တရားများဖြင့် တောင်ပေါ်လမ်း ၃၄ ပေ အကျယ်လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ တံတားအမှတ်(၁/၃၉) လုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးကာ တာဝန်ရှိသူများအားလုပ်ငန်းများအမြန်ပြီးစီးရေး နေ့ည ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ မော်တော်ယာဉ်ဖြင့် နတ်ရေကန်ရှောင်ကွင်းလမ်းမှ ထွက်ခွာပြီး မြကန်သာကုမ္ပဏီက ဆောင်ရွက်သည့် မိုင်တိုင်အမှတ် (၅/၅)မှ (၅/၆)အကြား စက်ယန္တရားများဖြင့် တောင်ပေါ်လမ်း ၃၄ပေ၊ မြေပြန့် ပေ ၅၀ အကျယ် လမ်းချဲ့ခြင်း၊ တောင်ကြောမြေဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ စက်ရေစမ်းလမ်းစခန်း ရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးအုန်းလွင်၏ ရှင်းလင်းတင်ပြမှုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီအဖွဲ့များပူးပေါင်း၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ တောင်တက်လမ်း ဖြစ်သည့်အတွက် လမ်းကွေ့များကို ၃၄ပေ အကျယ်ရရှိရေး ချဲ့ပေးရန်နှင့် လမ်းဘေးရေမြောင်းများ ဖောက်လုပ်ရေးတို့ကို မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် (၆၅/၀)မှ (၆၅/၁)အကြားတွင် Full Strength Co., Ltd. က စက်ယန္တရားများဖြင့် တောင်ကြောမြေ ဖြတ်ထုတ်ခြင်းနှင့် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၁၃ရက်က ကော့သောင်းမြို့နယ် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင်ကျင်းပသော အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၆/ ၂၀၁၀)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၅/ ၂၀၁၀)နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း (ကြိမ်) သင်တန်း အမှတ်စဉ် (၃/၂၀၁၀)သင်တန်းဆင်းပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော် သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

မင်းလှမြို့နယ် စပါးခင်းအတွင်း(ငါး၊ငါးရှဉ့်)မျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၃၀

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဆင့်တို့၏ ညွှန်ကြားချက်နှင့်အညီ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဩဂုတ် ၂၇ ရက်တွင် စပါးခင်းအတွင်း (ငါး-ငါးရှဉ့်)မျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မင်းလှမြို့နယ် ဥက္ကဋ္ဌ ဦးတင်ရီနှင့် အတွင်းရေးမှူး ဒေါ်နွယ်နီဦး၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖို ငါးသားပေါက်စခန်း တာဝန်ခံ ဦးသန်းနိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ငါးရှဉ့်လုပ်ငန်းရှင်များမှ စပါးခင်းများအတွင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ နှင့် ငါးရှဉ့်ကောင်ရေ ၁၈၂၀ တို့အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါး၊ ငါးရှဉ့် မျိုးစိုက်ထည့်

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းအတွင်း (ငါး၊ ငါးရှဉ့်) မျိုးစိုက်ထည့်ကြစဉ်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်သည့်ဝန်ထမ်းများက ဇူလိုင် ၂၃ ရက်တွင် ပန်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ခန်းများနှင့် ကျောင်းပတ်ဝန်းကျင်အား ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လူငယ်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဩဂုတ် ၃၀

မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ရွာလယ်ချောင်းကျေးရွာ လူငယ်အားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက်က စာကြည့်တိုက်အဆောက်အအုံသစ် ရှေ့မျက်နှာစာ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးပေါ်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်နှင့် ရပ်မိရပ်ဖ ဦးမောင်မောင်(၂)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ စာအုပ်မျိုးစုံ ၂၀၀၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းပေါင်းစုံတို့က စာအုပ်စာစောင် ၂၅၀ နှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ်ပြန်/ဆက်)

ဘောလခဲခရိုင်ဆေးရုံကြီး၌ ပီအမ်စီတီ သင်တန်းဖွင့်

ဘောလခဲ ဩဂုတ် ၃၀

ကယားပြည်နယ် ဘောလခဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်တားဆီးရေးစီမံချက် သင်တန်းကို ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်သည်။ အဆိုပါသင်တန်းအား လွိုင်ကော်မြို့ ခုခံကျနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာသောင်းလင်းနှင့် ပြည်နယ် သင်ကြားရေးအဖွဲ့ဝင်များက လာရောက်ပို့ချခဲ့သည်။

(ပြန်/ဆက်)

မန္တလေးမြို့၌ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဒေသန္တရကျန်းမာရေးဌာန၌ မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးသည် မိခင်နှင့် ကလေးသေဆုံးမှု လျော့နည်းရေးအတွက် ဆောင်ရွက်လျက်ရှိသော အရည်အသွေး ပြည့်ဝသည့် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသော ကိုယ်ဝန်ဆောင်မိခင်များအား တွေ့ဆုံအားပေးကာ လိုအပ်သော ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံအား မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါ လျော့နည်းပပျောက်သော နိုင်ငံအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ ယင်းအောင်မြင်မှု အခြေအနေများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးအစီအစဉ် ဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှု၍ နာတာရှည် ဝေဒနာရှင်များနှင့် မိသားစုဝင်များအား အားပေးစကားပြောကြားခဲ့ပြီး လိုအပ်သော ဆေးဝါးနှင့် အာဟာရများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ချမ်းအေးသာစံမြို့နယ် ဒေသန္တရကျန်းမာရေးဌာန၌ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၀ ရက်က အထက(၂)သီရိမြန်မာခန်းမ၌ ကျင်းပရာ အထက(၅) ကျောင်းအုပ်ဆရာကြီး ဦးအောင်ရှိန် ဥက္ကဋ္ဌအဖြစ်ပါဝင်သော အမှုဆောင်သစ်များ မြို့နယ်ရွေးချယ်တင်မြှောက်ရေးကော်မရှင် ဥက္ကဋ္ဌထံ ကတိသစ္စာပြုစဉ်။ (၆၄)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
-ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၅ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ "တက္ကစီမီတာသင်လိုရာ"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၅ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
-ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၇။ "ကျန်းမာသန်ထွားဉာဏ်မြင့်မား"
၅း၃၅ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၂။ ဆိုလိုက်ကြစို့
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ---ကိုယ့်ချစ်သူ" (အပိုင်း-၁၃)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ ဘဝကိုယ်စီအလှကိုယ်စီ (ဝင်းဝင်းအောင်-မြို့မ၊ သရုပ်ဆောင်-ပပဝင်းခင် တေးရေး-ကိုရွှန်းမြိုင်-မြို့မ)
၁၉။ ရယ်စရာဟာသများ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၂၃)**
၂၁။ **"ရုပ်ရှင်ပဟေဠိ"**
၂၂။ အစီအစဉ်ပြီး၏။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၃၀

အမျိုးသမီးများကို ပြည်ပသို့တရားမဝင် ပို့ဆောင်ရန်အတွက်သင်တန်းဖန်းပြ လုပ်ကိုင်သူများနဲ့ပွဲစားများကို သတိထားသင့်၊ ကမ္ဘာ့နာမည်ကြီးကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင်ဆောက်လုပ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား၊ လိုင်စင်မဲ့ကား အခွန်ဆောင်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ (၂)၊ အမှတ်စဉ် (၄၃)ကို ယနေ့ဖြန့်ချိလိုက်သည်။

ကားဈေးကွက်သစ်ဖွင့်လာသည့်ထိုင်းကုမ္ပဏီများ၊ GSM,CDMA 800MHz, CDMA 450MHzတယ်လီဖုန်းများကို မူလသတ်မှတ်ထားသည့်ဈေးနှုန်းများထက် လျော့နည်း၍ ငှားရမ်းသွားရန်စီစဉ်နေ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်မှုခက်ခဲသော ဒေသများ၌ တပ်ဆင်ပေးခဲ့သောကြိုးမဲ့ဖုန်းများကိုအများပြည်သူစိတ်ဝင်စား၊ လူကုန်ကူးခံရသူများသည် လူကုန်ကူးသူများအဖြစ် ပြောင်းလဲ၊ နိုင်ငံခြားကို ပညာသွားသင်ချင်တာဘာရည်ရွယ်ချက်လဲ၊ ဘယ်နိုင်ငံကိုသွားချင်လဲလေ့လာပါ၊ နိုင်ငံကျော်တောင်ပြုန်းပွဲတွင် ရုပ်ရှင်မင်းသားဝေဠုကျော်ဆေးရောင်း၊ Google က Gmail အတွင်းဖုန်းခေါ်နိုင်တဲ့ဝန်ဆောင်မှုအသစ်စတင်၊ Ruby Mart Shooping Center မကြာမီဖွင့်မည်၊ ရန်ကုန် - မန္တလေး ကွန်ကရစ်အမြန်လမ်းမကြီး အောက်တိုဘာလတွင်ဖွင့်လှစ်သွားမည်၊ ရေနံတင်ပို့မည့် ပိုက်လိုင်းသုံးခု တည်ဆောက်ရန် CNPC ကပြင်ဆင်၊ရန်ကုန်မြို့ရှိ စက်မှုဇုန်များ ဆိုလာလမ်းမီးတိုင်များ တပ်ဆင်ရန်စိတ်ဝင်စားလာ၊ စင်ကာပူနိုင်ငံမှ လုပ်သားတစ်သိန်းကျော်ခေါ်ယူမည်၊ ဖျော်ဖြေရေး၊ အားကစားနှင့် သတင်းအချက်အလက်များပါဝင်မည့် နိုင်ငံအဆင့်ဝက်ဘ်ပေါ်တယ် တည်ဆောက်ရန်စီစဉ်၊ မလေးရှားနိုင်ငံတွင် ဥပဒေနဲ့အညီဆောင်ရွက်ခြင်းမရှိသည့် ရွှေ့ပြောင်းအလုပ်သမားများကို တင်းကျပ်စွာ အရေးယူဆောင်ရွက်လျက်ရှိ၊ အိန္ဒိယရေနံကုမ္ပဏီ နှစ်ခုက မြန်မာ့ပင်လယ်ပြင်မှ အက်ဆာအုပ်စု၏ လုပ်ပိုင်ခွင့်အချို့အား ဝယ်ယူရန်ဆွေးနွေး၊ ပင်တဂွန်၏ ဆိုက်ဘာလုံခြုံရေးစီမံကိန်း၊ အမေရိကန်စစ်ဘက်က စက်ရုပ်ဒုံးကျည်များဖြင့် လျှို့ဝှက်စွာတိုက်ခိုက်ရန်ကြံစည်၊ အီရန်မောင်းသူမဲ့ဗုံးကြဲလေယာဉ်များက ချူကလီးယားစက်ရုံကိုကာကွယ်မည်၊ အာဖဂန်တွင်အမေရိကန်စစ်စခန်းတိုးချဲ့မှုက အီရန်နိုင်ငံကို ရည်ရွယ်ထားသလားစသည့်နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်းထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီမှ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပရာ ရန်ကင်းမြို့နယ် စည်းရုံးရေးကော်မတီမှ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်(ငြိမ်း)က ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (၃၅)

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၀ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွတ် အာနီဖာ အာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

Calsome ကွေကာမှ တွံတေးမြို့နယ်၌ ပျော်ပွဲရှင်ပွဲနှင့် ဉာဏ်စမ်းဗဟုသုတ ပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေး အသိပညာပေးမှု၊ ဉာဏ်ရည်မြင့်မားမှု၊ အစာအာဟာရနှင့် အရိုးအဆစ်များ ကျန်းမာသန်စွမ်းမှုတို့အတွက် ပျော်ပွဲရှင်ပွဲနှင့် ဉာဏ်စမ်းဗဟုသုတ ပဟေဠိပြိုင်ပွဲများကို MDG Co.,Ltd. Calsome ကွေကာ၏ စီစဉ်မှုဖြင့် ကျင်းပပေးလျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ မင်္ဂလာပရဟိတ သင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

လှူဒါန်း

အဆိုပါ အခမ်းအနားတွင် ဘုရားကြီး မင်္ဂလာတိုက်ကျောင်းနှင့် မိဘမဲ့မင်္ဂလာ ပရဟိတသင်တန်းကျောင်း ပဓာန နာယက ဆရာတော်ထံသို့ MDG Co.,Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် ဇနီးဒေါက်တာ မိုးမြတ်ဝင်း မိသားစုက ကျောင်းရှိ သံဃာတော်များနှင့် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူ ၅၀၀ ကျော်တို့အတွက် ဆွမ်းတစ်နေ့စာ အာဟာရဒါနနှင့် Calsomeကွေကာများကို လှူဒါန်းခဲ့ကြသည်။

ထို့နောက် Calsome ကွေကာမှ ဝန်ထမ်းများနှင့် ကိုမောင်မောင်အေး (Dream Boat) အဖွဲ့က ကျောင်းသား၊ ကျောင်းသူများနှင့် ဧည့်ပရိသတ်များအား Calsome ကွေကာသီချင်းများနှင့် ဆင်၊ ကျားသစ်၊ ယုန်အရုပ်များဖြင့် ကပြဖျော်ဖြေခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ပါဝင်ဆော့ကစားစေသော ကစားနည်းများဖြင့် ပြိုင်ပွဲများ ကျင်းပပေးပြီး အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ အခမ်းအနား တက်ရောက်လာကြသူများအား Calsome ကွေကာထုပ်များကို လက်ဆောင်အဖြစ် ဝေငှခဲ့ကြသည်။

ပညာသင်ကြားပေး

အဆိုပါ ဘုရားကြီးကျေးရွာ မင်္ဂလာ ပရဟိတသင်တန်းကျောင်းတွင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး၊ တက္ကသိုလ်ဝင်တန်း ၈၃ ဦး၊ နဝမတန်း ၇၃ ဦး၊ အလယ်တန်း ၁၉၇ ဦးနှင့် မူလတန်း ၁၄၅ ဦး စုစုပေါင်း ၅၁၀ကို စောင့်ရှောက် ပညာသင်ကြားပေးလျက် ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

Calsome ကွေကာမှ တွံတေးမြို့နယ်၌ ပျော်ပွဲရှင်ပွဲနှင့် ဉာဏ်စမ်းဗဟုသုတ ပဟေဠိပြိုင်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကြံသီးနှံအထူးအထွက်တိုးစိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

မြန်မာနိုင်ငံ ကြံနှင့် ကြံထွက်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းက ဦးဆောင်ကျင်းပသော ကြံသီးနှံအထူးအထွက်တိုး စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ဟူပင်ဟိုတယ်ခန်းမ၌ ကျင်းပရာ အသင်းဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ကြံသီးနှံလုပ်ငန်းဌာန ရှမ်းပြည်နယ် ပြည်နယ်မန်နေဂျာ ဦးမြဝင်းနှင့် ဝန်ထမ်းများ၊ သကြားစက်ပိုင်ရှင်များနှင့် ကြံစိုက်တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းအေးက အမှာစကားပြောကြားပြီး ကြံသီးနှံ သုတေသီ (အငြိမ်းစားအထွေထွေမန်နေဂျာ) ဦးစံသိန်းက ကြံသီးနှံအထူးအထွက်တိုးရေးအတွက် ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် အထွက်ကောင်းကြံမျိုးများ အကြောင်းကို ရှင်းလင်းဆွေးနွေး ဟောပြောပို့ချသည်။

အလားတူ ကြံသီးနှံအထူးအထွက်တိုးစိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၄ရက်တွင် ကန့်ဘလူ အမှတ်(၁)နယ်မြေ၌ ကျင်းပရာ ကြံစိုက်တောင်သူ ၁၅၀ ခန့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆလိုဗက်ကီးယားနိုင်ငံ၏ မြို့တော်ဆင်ခြေဖုံးတွင် သေနတ်သမားတစ်ဦး ရမ်းကားပစ်ခတ်

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသူ ရဲတပ်ဖွဲ့ဝင်များအား ဆေးဝန်ထမ်းများက သယ်ဆောင်နေကြစဉ်။

ဘရာတစ္စလာဘာ ဩဂုတ် ၃၀

ဆလိုဗက်ကီးယားနိုင်ငံမြို့တော် ဘရာတစ္စလာဘာ၏ အနောက်မြောက်ဘက် ဆင်ခြေဖုံးဒေသတွင် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမျိုးသမီး ငါးဦးနှင့် အမျိုးသားတစ်ဦးအပါအဝင် လူခြောက်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်သူမှာ အသက် (၅၀) အရွယ် လူတစ်ယောက်ဖြစ်၍ ၎င်းသည် စက်သေနတ် တစ်လက်၊ ကျည်ကပ်ရှစ်ခုအပြင် ပစ္စတိုနှစ်လက်ကို အသုံးပြုကာ အဆောက်အအုံတစ်ခုအတွင်းမှ ဂျစ်ပဆီမိသားစုတစ်စုကို ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ပြင်ပမှ အမျိုးသမီးတစ်ဦးကိုပါ ပစ်သတ်ခဲ့သည်။ သေနတ်သမား၏ ကံကြမ္မာနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ၎င်းသည် ပစ်ခတ်ရမ်းကားမှုများ ပြုလုပ်ပြီးနောက် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားကြောင်း အတည်မပြုနိုင်သေးသော သတင်းများအရ သိရသည်။ အသက်သုံးနှစ်အရွယ် ကလေးတစ်ဦး အပါအဝင် ဒဏ်ရာရရှိသူ ၁၅ ဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရပြီး ပစ်ခတ်မှု ဖြစ်ပွားရာနေရာမှာ လူစည်ကားရာ လမ်းတစ်လမ်းဖြစ်ပြီး ကုန်တိုက်တစ်ခုနှင့် ကလေးဆေးရုံတစ်ခုတို့ အနီးတွင် တည်ရှိကြောင်း မျက်မြင်တစ်ဦးက ပြောကြားသည်။ ***အေပီ။***

အာဖဂန်နစ္စတန်၌ တစ်လအတွင်း ပဋိပက္ခကြောင့် လူပေါင်း ၉၇၁ ဦးသေဆုံး

ကဘူး ဩဂုတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်မှုများကြောင့် လူပေါင်း ၉၇၁ ဦးသေဆုံးခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ဇာမာရီဘက်ရှာရီက ပြောကြားသည်။

အကြမ်းဖက်မှုများကြောင့်

သေဆုံးသူများထဲတွင် တာလီဘန် ၆၁၈ ဦး၊ အရပ်သား ၂၂၉ ဦးနှင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ၁၂၄ ဦးတို့ဖြစ်ကြောင်းသိရသည်။ အဆိုပါ သေဆုံးသူအရေအတွက်သည် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၂၂ ရက်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သေဆုံးသူအများစုမှာ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့်ဖြစ်ပြီး ယခင်လကထက် ၃၃ ရာခိုင်နှုန်း ပို၍များလာသည်ဟု ဆိုသည်။

ဒဏ်ရာရသူများ

ဒဏ်ရာရသူများမှာ အာဖဂန်အရပ်သား ၄၃၄ ဦး၊ တာလီဘန်စစ်သွေးကြွ ၁၃၅ ဦးနှင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ၂၃၂ ဦးဖြစ်သည်။ ထိုကာလအတွင်း ဖမ်းဆီးခံရသော တာလီဘန်နှင့် အစိုးရဆန့်ကျင်သော စစ်သွေးကြွဦးရေမှာ ၅၉၃ ဦးရှိကြောင်း ဘက်ရှာရီက ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများထံမှ အလေးချိန် ၁၁၇၀၀၀ ကီလိုဂရမ်ကျော်ရှိသော ဖောက်ခွဲရေးပစ္စည်းများအပါအဝင် အမိုးနီးယားနိုက်ထရိတ် အသုံးပြု၍ပြုလုပ်ထားသော လက်လုပ်ဗုံးနှင့် မိုင်းဗုံးများကိုလည်း သိမ်းဆည်းရမိ၍ တားဆီးနိုင်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လင်မယားကလေးလုရာမှ သေနတ်ဖြင့် ပစ်သတ်မှုဖြစ်ပွား

လော့စ်အိန်ဂျလိစ် ဩဂုတ် ၃၀

အမေရိကန်ပြည်ထောင်စု အာရီဇိုးနားပြည်နယ်တွင် တနင်္ဂနွေနေ့ စောစောပိုင်းက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အာရီဇိုးနားပြည်နယ် လိတ်ခ်ဟာဗာဆူမြို့ရှိ နေအိမ်တစ်အိမ်အတွင်းသို့ သေနတ်သမားတစ်ဦး ဝင်ရောက်လာပြီးနောက် အိမ်တွင်းရှိ လူများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းနောက် ၎င်း၏ ကလေးနှစ်ဦးကို ခေါ်ဆောင်ကာ ထရပ်ကားတစ်စီးဖြင့် ထွက်ပြေးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူလေးဦးမှာ သေနတ်သမား၏ ဇနီးအပါအဝင် အခြားသူသုံးဦးတို့ ဖြစ်ကြောင်း၊ ပစ်ခတ်နေစဉ်အတွင်း အိမ်၌ရှိနေသည့် အခြားနှစ်ဦးမှာ လွတ်မြောက်သွားခဲ့ကြောင်း၊ ကလေးများအား အုပ်ထိန်းမှုရရေးနှင့် ပတ်သက်ပြီး လင်မယားရန်ဖြစ်ရာမှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သည်အထိ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက် ပြောကြားသည်။

သေနတ်ဖြင့်ပစ်ခတ်သူမှာ အသက်(၂၆) နှစ်အရွယ်ရှိ ဘရိုင်ယန်ဒိုင်ယက်ဇ်ဆိုသူဖြစ်ပြီး တနင်္ဂနွေနေ့ညနေပိုင်းတွင် မိမိကိုယ်ကို ပစ်ခတ်ထားသည့် ဒဏ်ရာများနှင့် သေဆုံးနေသည်ကို ကာလီဖိုးနီးယားပြည်နယ်တွင် ရဲတပ်ဖွဲ့က တွေ့ရှိရသည်။ ၎င်းခေါ်ဆောင်သွားသောကလေးငယ်နှစ်ဦးကို ဆွေမျိုးများက ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



သေနတ်သမားဝင်ရောက်ပစ်ခတ်ထွက်ပြေးပုံကို သရုပ်ဖော်ထားပုံ။

အိန္ဒိယတွင် လမ်းမတော်တဆမှုကြောင့် ၃၅ ဦးထက်မနည်း ဒဏ်ရာရရှိ

နယူးဒေလီ ဩဂုတ် ၃၀

ဩဂုတ် ၃၀ ရက်နံနက်စောစောပိုင်းက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လမ်းမတော်တဆမှုတစ်ရပ်ဖြစ်ပွား၍ လူ ၃၅ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

မိုင်နှုန်းကျော်လွန်

ယင်းမြို့တော်တွင် နံနက် ၂ နာရီ မိနစ် ၃၀ က ကားတစ်စီးသည် သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်၍ အရှိန်ပြင်းစွာမောင်းနှင်ခဲ့ခြင်းကြောင့် မတော်တဆမှု ဖြစ်ခဲ့ကြောင်း ယင်းဖြစ်စဉ်ကြောင့် လူ ၃၅ ဦးထက်မနည်း ဒဏ်ရာများရရှိ၍ ဒေသန္တရဆေးရုံသို့ တင်ပို့ ကုသထားကြောင်း သိရသည်။

ဘုရားဖူးများ

ကားပေါ်တွင် လိုက်ပါလာသောခရီးသည်များမှာ ရာဂျက်စတန်ပြည်နယ်မှ ဘုရားဖူးများဖြစ်ကြသည်။ မတော်တဆမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဟု တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပါလက်စတိုင်းဆယ်ကျော်သက် အလုပ်သမားတစ်ဦး ဥမင်လိုဏ်ပြိုကျ၍ သေဆုံး

ဂါဇာ ဩဂုတ် ၃၀

အီဂျစ်နှင့် ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းနယ်စပ်တွင် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ဥမင်လိုဏ်ခေါင်း ရုတ်တရက် ပြိုကျရာ ဆယ်ကျော်သက်အရွယ် ပါလက်စတိုင်း အလုပ်သမားတစ်ဦးသေဆုံးသွားကြောင်း ဆေးဘက်ဆိုင်ရာမှလာသော သတင်းများအရ သိရသည်။

အီဂျစ်နှင့် ဂါဇာကမ်းမြောင်နယ်စပ် ရာဖာမြို့ရှိ ပါလက်စတိုင်းများနေထိုင်ရာ ရပ်ကွက်အနီးရှိ ဥမင်လိုဏ်ခေါင်း ပြိုကျခြင်းဖြစ်ပြီး သေဆုံးသူမှာ အသက် (၁၉) နှစ် အရွယ်ရှိ ပါလက်စတိုင်းဒေသသားတစ်ဦး ဖြစ်သည်။ ယင်းဒေသတွင် ဂါဇာဒေသသို့ ကုန်ပစ္စည်းများ မှောင်ခိုတင်သွင်းရန် ဥမင်လိုဏ်ခေါင်းများကို ရာနှင့်ချီ၍ တူးဖော်ထားသည်။ ၂၀၀၇ ခုနှစ်တွင် အစ္စရေးတို့က ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ခဲ့ပြီးနောက် ယင်းဥမင်လိုဏ်ခေါင်းများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ပါလက်စတိုင်းဒေသသား ၁၅၀ ခန့်သည် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဥမင်လိုဏ်ခေါင်းများ ပြိုကျရာတွင် သေဆုံးခဲ့ကြရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပန်ချာပီတာလီဘန်အဖွဲ့ အစည်း အုပ်စုကွဲများ တိုက်ပွဲဖြစ်ရာမှ ခေါင်းဆောင်တစ်ဦး အပါအဝင် စစ်သွေးကြွရှစ်ဦးသေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၃၀ - နာမည်မထင်ရှားသည့် စစ်သွေးကြွ အဖွဲ့အစည်းတစ်ခုဖြစ်သော "ပန်ချာပီ တာလီဘန်" အဖွဲ့မှ အုပ်စုကွဲနှစ်ခုအကြား တိုက်ပွဲများဖြစ်ပွားရာ အူစမန်ပန်ချာပီအုပ်စုမှ ခေါင်းဆောင်အပါအဝင် ရှစ်ဦးသေဆုံးသွားခဲ့သည့်တိုင် ရေဘေးနှင့်အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကပ်ဘေးဆိုက်နေရသည့် ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်ဝါဒီတို့၏ အန္တရာယ်အပေါ် စိုးရိမ်စိတ်များ ကြီးထွားနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းထောက်များက သတင်းပေးသည်။

အူစမန် ပန်ချာပီအဖွဲ့သည် မြောက်ဝါဇီရစ္စတန်ဒေသတွင် ပါကစ္စတန်ထောက်လှမ်းရေးအရာရှိဟောင်းနှစ်ဦးနှင့် ဗြိတိသျှသတင်းသမားတစ်ဦးတို့ကို ပြန်ပေးဆွဲမှု အပါအဝင် ပါကစ္စတန်နိုင်ငံတစ်လွှား အကြမ်းဖက်လုပ်ရပ်များစွာအတွက် တာဝန်ရှိသူအဖြစ် ယူဆထားသည့်အဖွဲ့တစ်ခု ဖြစ်သည်။

မြောက်ဝါဇီရစ္စတန်ဒေသ ဟာဂျီမူဟမ္မဒ်အရပ်တွင် စနေနေ့ညနေပိုင်းက အလုပ်တာဝန်ခွဲဝေမှုအပေါ် အငြင်းပွားရာမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပစ်ခတ်တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း ဒေသခံများက သတင်းပေးသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂါဇာကမ်းမြောင်ထောက်ပံ့ရေးသင်္ဘောတစ်စင်းဝယ်ယူရန် ပါလက်စတိုင်းလိုလားသူ အိုင်ယာလန်နိုင်ငံသားများ ရန်ပုံငွေထူထောင်

ဒပ်ဘလင် ဩဂုတ် ၃၀ - အိုင်ယာလန်နိုင်ငံမှ ပါလက်စတိုင်းလိုလားသူ အုပ်စုများသည် ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားသည့် အစ္စရေးရေတပ်အတားအဆီးများကို ထိုးဖောက်နိုင်ရန် ဒုတိယအကြိမ်မြောက် ကြိုးပမ်းမှုအဖြစ် သင်္ဘောတစ်စင်းဝယ်ယူရေးအတွက် ရန်ပုံငွေတစ်ရပ်ကို ဩဂုတ် ၃၀ ရက်တွင် မတည်ထူထောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဝယ်ယူမည့်သင်္ဘောကို ဟားမားစ်အဖွဲ့က ထိန်းချုပ်သော ဂါဇာကမ်းမြောင်ဒေသသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ပေးနေသော သင်္ဘောအုပ်စုနှင့် ပူးပေါင်းမည်ဖြစ်သည်။ ယင်းသင်္ဘောနှင့်အတူ အိုင်ယာလန်မှ ထင်ရှားသူများ၊ သတင်းစာဆရာများနှင့် ပါလက်စတိုင်းအရေးလှုပ်ရှားသူများကို လိုက်ပါစေ၍ ဂါဇာဒေသသို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

မေလအတွင်းက ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ခဲ့သော ထောက်ပံ့ရေးသင်္ဘောအုပ်စုကို ဖွဲ့စည်းခဲ့သည့် ပါလက်စတိုင်းလိုလားသူအုပ်စုများသည် ဒုတိယအကြိမ်မြောက်သင်္ဘောအုပ်စုကို စေလွှတ်ရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂါဇာဒေသသို့ မေလက ပထမဆုံးသွားရောက်ခဲ့သော သင်္ဘောအုပ်စုကို အစ္စရေးရေတပ်အထူးတပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ပြီးနောက် အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ပြစ်တင်ဝေဖန်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံသည် ဂါဇာဒေသအား ကုန်းတွင်းပိုင်းပိတ်ဆို့မှုကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး လူသုံးကုန်ပစ္စည်းများကို တင်သွင်းခွင့်ပြုခဲ့သည်။

ဂါဇာကမ်းမြောင်ကို ရေကြောင်းမှ ပိတ်ဆို့ထားစဉ် ကင်းလှည့်နေသည့် စစ်ရေယာဉ်တစ်စင်း။

သို့ရာတွင် ဂါဇာကမ်းမြောင်ကမ်းရိုးတန်း နယ်နိမိတ်ပိတ်ဆို့ထားမှုကို အစ္စရေးရေတပ်က ဆက်လက်ထားရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ပင့်ကူလူသား အလိန်းရောဘတ် အဆောက်အအုံထိပ်သို့ တွယ်တက်လာစဉ် ဖမ်းဆီးရန်စောင့်ဆိုင်းနေသည့် ပြင်သစ်ရဲများ။

ဆစ်ဒနီမြို့ရှိ မိုးမျှော်အဆောက်အအုံကို တွယ်တက်သောပင့်ကူလူသား ဖမ်းဆီးခံရ

ဆစ်ဒနီ ဩဂုတ် ၃၀

ပင့်ကူလူသားဟု အမည်ပေးခံထားရသူဖြစ်ပြီး မိုးမျှော်တိုက်ကြီးများကို အထောက်အကူပြုပစ္စည်းများမသုံးဘဲ တွယ်တက်လေ့ရှိသူ ပြင်သစ်နိုင်ငံသားတစ်ဦးသည် ဩဂုတ် ၃၀ ရက်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ အထပ်ပေါင်း ၅၇ထပ်မြင့်သော အဆောက်အအုံတစ်လုံးကို လက်ချည်းသက်သက်ဖြင့် တွယ်တက်ပြီးနောက် ရဲတပ်ဖွဲ့၏ဖမ်းဆီးမှုကို ခံခဲ့ရကြောင်း သိရသည်။

အလိန်းရောဘတ်အမည်ရှိ အဆိုပါပြင်သစ်နိုင်ငံသားသည် ဆစ်ဒနီမြို့လယ်တွင် တည်ရှိသည့် လာမီးယားမိုးမျှော်အဆောက်အအုံကို မိနစ် ၂၀ အတွင်း တွယ်တက်ခဲ့ရာ လူအများက အောက်မှနေ၍ ဩဘာပေးခဲ့ကြသည်။ သို့ရာတွင် အဆောက်အအုံခေါင်မိုးပေါ်သို့ ရောက်ရှိချိန်တွင် အသင့်စောင့်နေသော ဩစတြေးလျရဲ တပ်ဖွဲ့ဝင်များက ၎င်းကို ဖမ်းဆီးခဲ့သည်။

အလိန်းရောဘတ်သည် လွန်ခဲ့သောနှစ်က ဆစ်ဒနီမြို့ရှိ အထပ် ၄၁ ထပ်မြင့်သော စကော့တလန် တော်ဝင်ဘဏ် အဆောက်အအုံကို တွယ်တက်ခဲ့မှုကြောင့် အရေးယူခံရဖူးပြီး အမေရိကန်ဒေါ်လာ ၆၇၆ ဒေါ်လာကို ဒဏ်ငွေအဖြစ်ပေးဆောင်ခဲ့ရသည်။

၎င်းသည် အမေရိကန်နိုင်ငံရှိ အင်ပါယာစတိတ်အဆောက်အအုံ၊ မလေးရှားနိုင်ငံရှိ ပတ်ထရိုနာ့စ်အမြွှာအဆောက်အအုံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ မိုးမျှော်အဆောက်အအုံ ၇၀ ကျော်ကို လက်သက်သက်ဖြင့်တွယ်တက်ခဲ့ပြီး ဖမ်းဆီးဒဏ်ရိုက်မှုများစွာကို ခံခဲ့ရဖူးသူဖြစ်သည်။

အေပီ။

ဆိုမာလီသမ္မတနန်းတော်တိုက်ခိုက်ခံရ ယူဂန္ဒာငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်လေးဦးသေဆုံး

နိုင်ရိုဘီ(ကင်ညာ) ဩဂုတ် ၃၀

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့ရှိ သမ္မတနန်းတော်ကို ဩဂုတ် ၃၀ ရက်က မော်တာကျည်ဆန်ထိမှန်ခဲ့ရာ အာဖရိကသမဂ္ဂတပ်ဖွဲ့မှ ယူဂန္ဒာငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်လေးဦးသေဆုံးကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မိုဂါဒစ်ရှုးမြို့၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွသောင်းကျန်းသူများအကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ ရှစ်ရက်မြောက်နေ့၌ သမ္မတနန်းတော်ကို မော်တာကျည်ဆန်ထိမှန်ခဲ့ခြင်းကြောင့် ယူဂန္ဒာတပ်ဖွဲ့ဝင်လေးဦး အပါအဝင် အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့သည်။

သမ္မတနန်းတော်တွင် မော်တာကျည်ဆန်ကျရောက်ပေါက်ကွဲသဖြင့် အခြားရှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အာဖရိကသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဘာရီဂီဘာဟိုကူက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

သေဆုံးဒဏ်ရာရရှိသူများထဲတွင် ဆိုမာလီနိုင်ငံရေးခေါင်းဆောင်များ ပါဝင်ခြင်းရှိ၊ မရှိ မသိရသေးပေ။

အင်တာနက်။

စူဂျာဝါလ်မြို့မှ ရေဝိုင်းခံနေရသော နေအိမ်တစ်လုံး။

အိန္ဒုမြစ်ရေအတက်ကြမ်း၍ ပါကစ္စတန်တောင်ပိုင်းမှ မြို့တစ်မြို့ကို ရေလွှမ်း

အစ္စလာမ္မာဘတ် ဩဂုတ် ၃၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ် သက်တာမြို့အနီး၌ ရေဘေးဒုက္ခသည်များကို ကယ်တင်ရန်ကြိုးစားနေစဉ်မှာပင် လူဦးရေ ၂၅၀၀၀၀ ရှိသည့် စူဂျာဝါလ်မြို့လေးမှာ ရေအောက်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း တနင်္ဂနွေနေ့သတင်းများ၌ ဖော်ပြထားသည်။

မိမိတို့မိသားစု လျင်မြန်စွာထွက်ပြေးလာခဲ့ကြရကြောင်း၊ မည်သည့်ပစ္စည်းကိုမျှ ယူလာရန်အခွင့်အရေးမရခဲ့ကြောင်း၊ အရိပ်အာဝါသကို ရှာဖွေနေဆဲတွင် နေပူပူမှာ ဤသချိုင်းမြေပေါ်၌ ထိုင်နေကြခြင်းဖြစ်ကြောင်း၊ စားစရာလည်းမရှိကြောင်း၊ မိမိတို့ပိုင် ကျွဲနွားများလည်းရေတွင် မျောပါသွားပြီဖြစ်ကြောင်း စူဂျာဝါလ်မြို့မှ ကလေးလေးယောက်မိခင် အမီနာဘီဘီက သတင်းဌာနသို့ ပြောကြားသည်။

သို့ရာတွင် အိန္ဒုမြစ်ရေ အတက်ကြမ်းမှုနှင့် ရင်ဆိုင်နေရသော သက်တာမြို့ပတ်ဝန်းကျင်တွင် တာရိုးတာပေါင်များကို ပြန်လည်တည်ဆောက်၍ သမိုင်းဝင်မြို့ကြီး ရေအောက်မရောက်ရန် အာဏာပိုင်များက လုပ်ဆောင်နိုင်ခဲ့ပြီး မြို့သူ၊ မြို့သားထောင်ပေါင်းများစွာတို့သည် တနင်္လာနေ့က ပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ရေဘေးဒဏ်ခံရသော ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီ အရေးပေါ်ကူညီရေးလုပ်ငန်းများကို အချိန်မဆိုင်းဘဲ လုပ်ဆောင်နိုင်ရန် အရေးကြီးကြောင်း နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့ အော့(စ်)ဖန်းက ပြောကြားသည်။

အင်တာနက်။

ပိတ်မိ ချီလီမိုင်းလုပ်သား လက်ထပ်ခွင့်တောင်းစာ ချစ်သူထံပေးပို့

ဆန်တီယာဂို ဩဂုတ် ၃၀

ဩဂုတ် ၅ ရက်မှစ၍ မိုင်းတွင်း၏အောက်တွင် ပိတ်မိနေသူ ချီလီမိုင်းလုပ်သားများအနက် အက်စ်တီဘန်ရိုဂျာဆိုသူသည် လက်ထပ်ခွင့်တောင်းခံသော စာတစ်စောင်ကို ၎င်း၏ ချစ်သူထံသို့ ထောက်ပံ့ရေးတွင်းမှတစ်ဆင့် ပေးပို့ခဲ့ကြောင်း ဩဂုတ် ၃၀ ရက်သတင်းများတွင် ဖော်ပြသည်။

အသက် ၄၄နှစ်အရွယ်ရှိ ရိုဂျာလ်သည် ၎င်း၏ ချစ်သူကို လွန်ခဲ့သည့် ၂၅နှစ်ခန့်က သာမန်အရပ်အခမ်းအနားဖြင့်သာ လက်ထပ်ခဲ့သူဖြစ်ပြီး ယခုမြေပေါ်သို့ ပေးပို့ခဲ့သောစာတွင်မူ ဘုရားကျောင်း၌လက်ထပ်ရန် တောင်းခံထားကြောင်း ဒေးလီးမိုင်ရာ သတင်းစာတွင် ဖော်ပြထားသည်။

ဘုရားကျောင်း၌ လက်ထပ်ပွဲကျင်းပခြင်းသည် ချီလီနိုင်ငံ၏ အစဉ်အလာဓလေ့ထုံးစံတစ်ခုဖြစ်သည်။ ရိုဂျာပေးပို့ခဲ့သော စာထဲတွင် မိုင်းတွင်းမြေအောက်မှ အသက်ရှင်လျက် လွတ်မြောက်နိုင်ရေးအတွက် ဆုတောင်းပေးရန်နှင့် လွတ်မြောက်ခဲ့ပါက လက်ထပ်ပွဲ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရိုဂျာ၏ ချစ်သူ အသက် ၄၃နှစ်အရွက်ရှိ ဂျက်ဆီကာယာနက်ဇ်က ရိုဂျာသည် ၎င်းနှင့် ဆိုးတူကောင်းဖက် ရင်ဆိုင်ခဲ့သူဖြစ်ပြီး မိုင်းတွင်းထဲမှ လွတ်မြောက်ရန်အချိန်မည်မျှ ကြာသည်ဖြစ်စေ ၎င်းကို စောင့်ဆိုင်းသွားမည်ဖြစ်ကြောင်း ရိုဂျာပေးပို့ခဲ့သောစာကို ဖတ်အပြီး ရင်ဖွင့်ပြောကြားသည်။

အင်တာနက်။

ဆိုက်ဘေးရီးယားကျားထိန်းသိမ်းရေးဇုန် တရုတ်နှင့် ရုရှားနယ်စပ်တွင် ခွဲ၍တည်ထောင်မည်

ပေကျင်း ဩဂုတ် ၃၀

ဆိုက်ဘေးရီးယားကျားများအတွက် ပထမဆုံး နယ်စပ်ဖြတ်ကျော်ကာကွယ်ရေးဇုန် တစ်ခုကိုထူထောင်ရန် တရုတ်နှင့် ရုရှားနိုင်ငံတို့က သဘောတူညီခဲ့ကြောင်း ဩဂုတ် ၃၀ ရက် သတင်းများတွင်ဖော်ပြသည်။

အဆိုပါသဘောတူညီချက်သည် မျိုးသုဉ်းမည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသော ဆိုက်ဘေးရီးယားကျားသတ္တဝါများကို ထိန်းသိမ်းရေးအတွက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် ဆိုက်ဘေးရီးယားကျားထိန်းသိမ်းရေးဇုန်သည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျိလင်ပြည်နယ်နှင့် ရုရှားနိုင်ငံ ပရီယိုစကီးရိုင်းဒေသတို့ကို ခွဲ၍ထားရှိမည်ဖြစ်သည်။ ယင်းအပြင် နှစ်နိုင်ငံတာဝန်ရှိသူများသည် နယ်စပ်ဒေသတစ်လျှောက် သားရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးလှုပ်ရှားမှုကိုလည်း လုပ်ဆောင်မည်ဖြစ်သည်။

သတင်းများ၏အဆိုအရ တရုတ်နှင့်ရုရှားနိုင်ငံတို့သည် ဆိုက်ဘေးရီးယားကျားများနှင့် ယင်းတို့၏သားကောင်များကို စောင့်ကြည့်လေ့လာရေး စီမံကိန်းတစ်ရပ်အား အကောင်အထည်ဖော်မည်ဖြစ်ပြီး သတင်းအချက်အလက်များကိုလည်း အပြန်အလှန်ဖလှယ်ကြမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ဆိုက်ဘေးရီးယားကျားကောင်ရေ ၅၀၀ခန့်သာ ကျန်ရှိပြီး ကောင်ရေ ၂၀ခန့်မှာ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းဒေသတွင် အရိုင်းသဘာဝအလျောက် ကျက်စားနေလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အေပီ။

ဆီနာဘန်းမီးတောင် ဒုတိယအကြိမ်ပေါက်ကွဲ

ဂျကာတာ ဩဂုတ် ၃၀

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမြောက်ပိုင်းရှိ ဆီနာဘန်းမီးတောင်သည် ဩဂုတ် ၃၀ ရက်က ထပ်မံပေါက်ကွဲခဲ့ပြီး မီးတောင်ပြာများကို လေထုထဲသို့ ၁ ဒသမ ၅ မိုင် အမြင့်အထိ မှုတ်ထုတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆီနာဘန်းမီးတောင်၏ ခြောက်မိုင်ပတ်ဝန်းကျင်တွင် နေထိုင်သူများသည် မီးတောင်ပေါက်ကွဲမှုကြောင့် နေရင်းရပ်ရွာများမှ ရွှေ့ပြောင်းထွက်ခွာခဲ့ပြီးဖြစ်သည်။ မီးတောင်ပေါက်ကွဲရာနေရာတွင် အင်ဒိုနီးရှား မိုးလေဝသဌာနနှင့် ရဲတပ်ဖွဲ့တာဝန်ရှိသူများသာ ကျန်ရစ်ပြီး အခြေအနေကို လေ့လာစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဆီနာဘန်းမီးတောင် ဒုတိယအကြိမ် ပေါက်ကွဲမှုသည် ဩဂုတ် ၂၉ ရက်က ပထမဆုံး ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုထက် ပိုမိုအင်အား ပြင်းထန်ကြောင်း အင်ဒိုနီးရှား မီးတောင်ဗေဒဌာနအကြီးအကဲက ပြောကြားသည်။

အေပီ။

ကာရစ်ဘီယံမြောက်ပိုင်း၌ အားလ်ဟာရီကိန်းမုန်တိုင်း ဆက်လက်အားကောင်း

ဆန်ဂျူအန် ဩဂုတ် ၃၀

ကာရစ်ဘီယံ အရှေ့ပိုင်းတွင် ဖြစ်ပေါ်နေသော အားလ်ဟာရီကိန်းမုန်တိုင်းကြောင့် ယင်းဒေသအတွင်း ဩဂုတ် ၃၀ ရက်က လေပြင်းထန်စွာတိုက်ခတ်၍ မိုးရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။ အနိမ့်ပိုင်းကျွန်းစုဖြစ်သော လေးဝါဒ့်ကျွန်းစု အစိတ်အပိုင်းအချို့တွင် မုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ အမေရိကန်အမျိုးသား ဟာရီကိန်းလေ့လာရေးဗဟိုဌာန၏ အဆိုအရ အားလ်မုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၁၀နှုန်းဖြင့် တိုက်ခတ်လျက်ရှိပြီး ဆက်လက် အားကောင်းနိုင်ဖွယ်ရှိသည်။

အားလ်ဟာရီကိန်း မုန်တိုင်းသည် အင်အားပြင်းထန်မှုကြောင့် အဆင့်(၄) ရှိ မုန်တိုင်းတစ်ခုဖြစ်လာ နိုင်ဖွယ်ရှိကြောင်း ဟာရီကိန်းမုန်တိုင်းဆိုင်ရာ ပညာရှိတစ်ဦးက ပြောကြားသည်။ အင်အားပြင်းထန်မှု အဆင့်(၄) ရှိသော မုန်တိုင်းသည် တစ်နာရီလျှင် ၁၃၁ မိုင်နှုန်းဖြင့် တိုက်ခိုက်သည်ဟုဆိုသည်။

အေပီ။

တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၃၀

တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ အားကစားသမားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်တပ်မတော်အရာရှိကြီးများသည် ဖွင့်ပွဲ ပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း သန်လျင်မြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် သန်လျင်မြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နုနုကြည်က ဥပဒေ၊ နည်းဥပဒေများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မဲရုံမှူးများ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ဆွေးနွေးပို့ချကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြပြီး မဲရုံလုပ်ငန်း သရုပ်ပြခြင်းကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းသင်တန်း ဖွင့်ပွဲတွင် သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးချစ်ညွန့် အမှာစကား ပြောကြားစဉ်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၀

မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီး) သည် ရန်ကုန်မြို့တွင် လူဦးရေ ၆ဒသမ ၆ သန်းကျော်ရှိသည့်အနက် ခရီးသွားလျက်ရှိသော ရန်ကုန်ခရီးသွားလူထု ၃ ဒသမ ၄ သန်းမှ ခရီးသည် နှစ်သန်း ခရီးသွားလာမှု အဆင်ပြေစေရန် ယာဉ်လိုင်းပေါင်း ၁၃၀ တွင် ကားအစီး ၁၉၀၀ တို့ဖြင့် ခရီးသည်များ ဘေးမသီ ရန်မခ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနွန်းထားဖြင့် စိတ်ချလက်ချသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိ လိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် နှစ်နှစ်ပြည့် အထူးထုတ် အတွဲ(၃)၊ အမှတ်(၉)ကို ဩဂုတ် ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မောင်သန်းယု၊ မြင်းမူမောင်နိုင်မိုး၊ ဝင်းယုမောင်တို့၏ ကဗျာများ၊ မကြွယ်ကြွယ်၊ ခင်မြန်မာတို့၏ ကလေး လူငယ်ကဏ္ဍ၊ ဇော်မင်းကြီး၊ ရွှေကိုဦး၊ ဧကန်တို့၏ ခရီးသွားကာတွန်းကဏ္ဍ၊ အရှင်ပါမောက္ခ(ကြို့ပင်ကောက်)၊ ဓမ္မာစရိယဦးခင်မောင်၊ တက္ကသိုလ်တင်ခ၊ မြတ်ဆွေ၊ လယ်တွင်းသားစောချစ်၊ တက္ကသိုလ်လှကြွယ်၊ မောင်ခင်မင်(ဓနုဖြူ)၊ ပြည်စိုး၊ ရေကျော်စိုးအောင်၊ ဦးမြင့်စိုး(အနုပညာ)၊ ဒေါက်တာဒေါ်စိုးသူ၊ မောင်မောင်(ယထ)၊ အောင်ချိန်ဘွား၊ မောင်မြတ်မွန်(ဆူးလေ)၊ ဆောင်းဝင်းလတ်၊ ရွှေကျွန်းခိုင်သစ်၊ မျိုးမြင့်(လှည်းကူး)၊ ဆူးသစ်နီ၊ ကျိုက်လတ်မိုးမြင့်၊ မယ်ကချင်(ဗန်းမော်)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ် အယ်ဒီတာ၏ ခရီးသွားသတင်းများ၊ ကျော်ဌေး(ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး (မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄)၊ သိမ်ဖြူလမ်း၊ ကန်တော်ကလေး စာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပတ္တိ -တရားဟောဂုဏ်ရည် (မြန်မာအဌကထာတေဒဂ်)
၇း၁၅	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၁၀။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - မိုးသောက်ကြယ် (အပိုင်း-၁၄)**
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၄။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဟာသရုပ်စုံ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၉)**
	၂၄။	Mini Series
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၂) ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာနိုင်ငံတွင် မိုးပျံရထားလမ်းများ ဆောက်လုပ်ရန် မလေးရှားကုမ္ပဏီက စိတ်ဝင်စားလျက်ရှိ၊ ချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်ရေတပ်သင်္ဘောများ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ၊ ပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာသော မြန်မာသင်္ဘောသား ၂၁ ဦး စွန့်စားမှုနစ်နာကြေး ဒေါ်လာ ၁၂၀၀၀၀ ရရှိ၊ ရုပ်သံလိုင်းပေါင်း ၃၀ ခန့် ဖိုင်ဘာဆက်ကြောင်းသစ်တွင် ထုတ်လွှင့်မည်၊ အွန်လိုင်းမှ ဖုန်းဘီလ်ဆောင်သည့်စနစ် ဆောင်ရွက်မည်၊ ရိုးရိုးအိမ်စီးကားများကို ပြည်ပမှကားများနှင့် တစ်ပုံစံတည်းတူအောင် အလှဆင်ပေးနေ၊ ရှုခင်းသာ အပန်းဖြေစခန်းကို အဆင့်မြှင့်တိုးချဲ့မည်၊ မြန်မာဟိုတယ်ဝန်ထမ်းများကို အရှေ့အလယ်ပိုင်းနိုင်ငံများကသာမက စင်ကာပူကပါ ပြန်လည်ခေါ်ယူ၊ အအေးလှိုင်း ဖြတ်သန်းမှုအတွက် စိုက်ပျိုးရေးလုပ်ငန်းများ သတိပြုရန်လို၊ ကတ္တရာ၊ ကျောက်၊ သဲ၊ ဘိလပ်မြေမလိုဘဲ ဓာတုဆေးဖျန်းရုံဖြင့် ခင်းနိုင်မည့် တန် ၆၀ ခံမြေသားလမ်း နိုဝင်ဘာလဆန်း၌ စတင်ခင်းမည်၊ မြန်မာ့ကျောက်စိမ်းမွေ့ရာများ စျေးကွက်တွင်ကျယ်လာ၊ ပထမဆုံး အမျိုးသားသီးသန့် အဆီချလုပ်ငန်း IHBC ၌ ဖွင့်လှစ်၊ ဗီယက်နမ်စတိုင်နှင့် မြန်မာ့ရိုးရာပေါင်းစပ်ထားသည့် ဟိုတယ်ကို ရန်ကုန်၌ နိုဝင်ဘာလကုန်တွင် ဖွင့်နိုင်ရန် ဗီယက်နမ်က ကမ်းလှမ်း၊ မိုင်ပေါင်း ၆၀ ရှည်လျားသည့် ၁၀ရက်ကြာ ယာဉ်ကြောပိတ်ဆို့မှုကြီး ဖြစ်ပွားပြီးနောက်၊ မီးခြစ်ဆန်များဖြင့် သင်္ဘော ၄၀၀ ကျော်ကို ၆၇ နှစ်ကြာ တည်ဆောက်ခဲ့ရ၊ မြေအောက်ပေ ၂၃၀၀ ခန့်တွင် ပိတ်မိနေသော သတ္တုတွင်း လုပ်သား ၃၃ဦး၏ နောက်ဆုံးအခြေအနေ၊ ဒီအင်အေစစ်ဆေးချက်များအရ ဟစ်တလာသည် သူအလွန်မုန်းတီးသော ဂျူးနှင့် အာဖရိကန်တို့မှ ဆင်းသက်လာကြောင်းတွေ့ရှိ၊ အရေပြားဆဲလ်မှနေ၍ အသည်းအဖြစ် ဖန်တီးနိုင်ပြီး၊ ဗက်တီးရီးယားများသည် အာကာသစခန်းပြင်ပ အာကာသထဲ၌ ၅၅၃ ရက်ကြာ အသက်ရှင်လျက်ရှိ၊ မက္ကဆီကိုပင်လယ်ကွေ့၌ ဖိတ်လျှံကျနေသည့် ရေနံများ ထူးဆန်းစွာ ပျောက်ကွယ်သွားရခြင်းမှာ၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်းက တစ်ကြိမ်လျှင် ဒေါ်လာ တစ်သိန်းနှုန်းဖြင့် မိန့်ခွန်းပြောမည်၊ သမ္မတဟောင်း ဂျင်မီကာတာ၏ ကြိုးပမ်းမှုကြောင့် အဖမ်းခံအမေရိကန်နိုင်ငံသား တစ်ဦး မြောက်ကိုရီးယားမှ လွတ်မြောက်၊ အလွန်နိမ့်စွာပျံသန်းသွားသည့် တိုက်လေယာဉ် နှစ်စင်းကြောင့် သူ၏ ကြက် အကောင် ၄၈၀၀ သေဆုံးခဲ့သည်ဟု ဆိုကာ ပြင်သစ်လယ်သမားက ကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲ၊ အထွေထွေကျန်းမာရေးစစ်ဆေးမှုများ တစ်ထိုင်တည်း ပြုလုပ်ပေးနိုင်မည့် အိမ်သာတီထွင်၊ ဘန်ကောက်လေဆိပ်၌ ခရီးဆောင်အိတ်ထဲ ကျားအရှင်တစ်ကောင်ထည့်၍ သယ်လာသူကို ဖမ်းဆီးရမိ၊ အင်ဒိုနီးရှား၌ မီးတောင်ကြီးပေါက်ကွဲ၊ ဘရာဇီးတွင် မီးမုန်တိုင်းတိုက်ခတ်၊ အင်ဒိုနီးရှား၌ ခြေလေးချောင်းနှင့် ငါးကိုတွေ့ရှိ" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့် အတူ စျေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှ ဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၈/၂၀၁၀) အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၈/၂၀၁၀) အစည်းအဝေးကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် အခမ်းအနားမှူးအဖြစ် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)တို့က ဆောင်ရွက်ကြပြီး သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူးက ယခင် (၇/၂၀၁၀) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုတင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြကာ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် ဟောပြောဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ သုတဘဏ် စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပရေးကိစ္စ၊ စာနယ်ဇင်းပညာ သင်တန်းဖွင့်လှစ်ရေးကိစ္စနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စ စသည်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြ၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်း ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်းသည် ချစ်ကြည်ရေးခရီးအဖြစ် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

Rear Admiral Zhang Wendan ခေါင်းဆောင်သည့် စစ်ရေယာဉ်အမှတ်(၁၆၈) ဖျက်သင်္ဘော Guangzho သည် ညနေ ၅ နာရီ ၁၀ မိနစ်တွင် သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်လာရာ ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Gao Tiejun က စစ်ရေယာဉ်ပေါ်သို့ တက်ရောက်၍ Rear Admiral Zhang Wendan အား ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် Rear Admiral Zhang Wendan သည် သီလဝါဆိပ်ကမ်း၌ ကြိုဆိုနှုတ်ဆက်ကြသည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ Rear Admiral Zhang Wendan သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများ၊ တပ်မတော်ရေမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ကြိုဆိုနှုတ်ဆက်ကြသူများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် Rear Admiral Zhang Wendan၊ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စစ်ရေယာဉ်အမှတ်(၅၆၈) ဖရီးဂိတ်သင်္ဘော Chaohu သည် ညနေ ၅ နာရီခွဲတွင် သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

အဆိုပါ စစ်ရေယာဉ်နှစ်စင်းသည် ရန်ကုန်မြို့၌ စက်တင်ဘာ ၂ ရက်ထိ ရှိနေမည်ဖြစ်ပြီး နှစ်နိုင်ငံရေတပ် အချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုရှိရေးအတွက် လေ့လာလည်ပတ်မှုများ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ရေတပ်တာဝန် တပ်ဖွဲ့မှ Rear Admiral Zhang Wendan အား ရေတပ်သင်္ဘောကျင်း ဌာနချုပ် ဌာနချုပ်မှူး သီလဝါဆိပ်ကမ်း၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ရောက်ရှိ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ် တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်း သန်လျင်မြို့နယ် သီလဝါရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မဘိမ်း၌ ကျင်းပ

မဘိမ်း ဩဂုတ် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က မဘိမ်းမြို့နယ် မဘိမ်း-စီအူ-ဗန်းမော်သွားကားလမ်းမကြီးဝဲ၊ ယာ၌ ကျင်းပသည်။

အခမ်းအနားသို့ မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကျွန်းပျိုးပင်ပေါင်း ၇၂၄ ပင်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

BCB Centre မှ လက်တွေ့စီးပွားရေးဥပဒေသ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်ရာ အချို့စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိပင် ခြေလှမ်းလျက် ရှိနေကြပြီဖြစ်သည်။

အသေးစား စီးပွားရေးလုပ်ငန်းများမှအစ အလတ်စားစီးပွားရေးလုပ်ငန်းများအလယ် ကုမ္ပဏီကြီးများအဆုံး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန် အရေးကြီးသည်။ သို့မှသာ မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများဘေးမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် MBA ဘွဲ့ရများဖြင့် ဖွဲ့စည်းထားသည့် Myanmar Business Executives Network မှ ဖွင့်လှစ်ထားသည့် Business Capacity Building (BCB) Centre အနေဖြင့် လက်တွေ့စီးပွားရေးဥပဒေသသင်တန်းကို စက်တင်ဘာ ဒုတိယပတ်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းတွင် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲသူများအတွက် မသိမဖြစ် အကြောင်းအရာများဖြစ်သည့် Nature of Myanmar Legal System (မြန်မာ့ တရားဥပဒေစနစ်၏ သဘောသဘာဝ)၊ Operating Private Business and its Limitations (ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဘောင်ကန့်သတ်ခြင်း)၊ Overview of Foreign and Citizens Investments (နိုင်ငံခြားသားနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခြုံငုံသုံးသပ်ခြင်း)၊ Property Conveyance within the Legal Limit (ဥပဒေဘောင်အတွင်း၌ ပစ္စည်းလွှဲပြောင်းပေးခြင်း)၊Sale of Goods and Products (ထုတ်ကုန်ပစ္စည်းများလွှဲပြောင်းရောင်းချခြင်း)၊ Commercial Contract Negotiation, Drafting and Execution (စီးပွားရေးစာချုပ်ညှိနှိုင်းခြင်း၊ ရေးဆွဲခြင်းနှင့် လက်မှတ်ရေးထိုးခြင်း)၊ Transportation of Goods by Way of Import and Export (ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း)၊ Settlement of Disputes in Contracts (သဘောတူစာချုပ်များတွင် အငြင်းပွားမှု ဖြေရှင်းခြင်း)၊ Company Formation, Operation and Liquidation (ကုမ္ပဏီတည်ထောင်ခြင်း၊ ဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်း)၊ Registration and Protection of Intellectual Property (ဉာဏပစ္စည်း မှတ်ပုံတင်ခြင်းနှင့် အကာအကွယ်ပေးခြင်း)၊ Partnership Agreement, Operation and Termination (ဖက်စပ်စာချုပ်ရေးဆွဲခြင်း၊ ဆောင်ရွက်ခြင်းနှင့် ဖျက်သိမ်းခြင်း)၊ Labor Laws, Employment Regulations and Discipline Actions (အလုပ်သမားဥပဒေ၊ ဝန်ထမ်းခန့်ထားရေး စည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းအား အရေးယူခြင်း)တို့ ပါဝင်မည်ဖြစ်သည်။

သင်တန်းကာလမှာ ၁၂ ရက်ဖြစ်ပြီး သင်တန်းအချိန်မှာ ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Business Capacity Building (BCB) Centre အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း ရောင်းချနေသည့် ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ၊ မရှိကို ဒုတိယဦးစီးမှူး ဦးအေးသိန်းနှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ပုဇွန်တောင်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၀

ပုဇွန်တောင်မြို့နယ်အတွင်းရှိ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ လုပ်ငန်းလမ်းညွှန်များ ဆင့်ပွားသင်တန်းကို ဩဂုတ် ၂၉ ရက်တွင် ပုဇွန်တောင်မြို့နယ် အထက(၂) တေဇခန်းမဆောင်၌ ကျင်းပသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဦးမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မဲရုံမှူးများ လုပ်ငန်းလမ်းညွှန်ပို့ချချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပို့ချသည်။ ဆက်လက်၍ မဲရုံသရုပ်ပြခြင်းကို ဆောင်ရွက်ကြကြောင်းသိရသည်။ (ကြေးမုံ)

ဩဂုတ် ၃၀ ရက်က နှစ်ဖက်သော အဘိုး၊ အဘွား၊ မိဘများအား အမှူးထား၍ နီလာလမ်းသွယ်(၇) ရတနာအိမ်ရာ သာကေတမြို့နယ် ရန်ကုန်မြို့နေ ကိုဖြိုးဇင်ဝင်း -မမီလျံအေးတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေး ရှောင်တခင်စစ်ဆေး

လားရှိုး ဩဂုတ် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည် ယာဉ်မတော်တဆဖြစ်မှု လျော့နည်းကျဆင်းရေးနှင့် စည်းကမ်းတကျရှိရေးအတွက် ဇူလိုင် ၁ ရက်မှစတင်၍ မြို့တွင်း နေရာပြောင်းရွှေ့ကာ နေ့စဉ် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ရှောင်တခင်စစ်ဆေး

အဆိုပါ ရှောင်တခင်စစ်ဆေးရေးအဖွဲ့ကို ပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီနှင့် တာဝန်ရှိသူများဖြင့် စစ်ဆေးလျက်ရှိပြီး စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ် ၂၂၆ စီးကို အမှုဖွင့်အရေးယူခဲ့ကြောင်း သိရှိရသည်။

(၅၃၇)

◆ **ရွှေဖုံးမှ**

ရေပိုလွှဲ ဒီဇိုင်းရေဒုစီးနှုန်း ၁၈၂၃ ကုဗပေ/စက္ကန့်၊ တူးမြောင်းအလျား ပေ ၁၅၀၀၊ ဆည်ရေပေးဝေနိုင်တဲ့ဧရိယာက ဧက ၄၀၀ ဖြစ်ပြီး ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ လုပ်ငန်းစတင်ကာ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

"စိုက်ပျိုးမြေသာရှိပြီး စိုက်ပျိုးရေခက်ခဲလှတဲ့ ပူပြင်းခြောက်သွေ့သည့် အညာဒေသတွင် ယခင်က ယာသီးနှံ မိုးတစ်သီးကို အောင်တစ်နှစ် မအောင်တစ်နှစ် ခက်ခက်ခဲခဲ စိုက်ပျိုးခဲ့ကြရာက နိုင်ငံတော်မှ ငွေးချိုရေလှောင်တမံကို တည်ဆောက်ပေးခဲ့တဲ့အတွက် ယခုအခါ ယာမြေမှ လယ်မြေပြောင်းလို့ နွေစပါး၊ မိုးစပါးတို့ဖြင့် အကျိုးများ တိုးပွားကြလျက် ဆောင်းသီးနှံပါ အောင်မြင်စွာ စိုက်ပျိုးဖွံ့ဖြိုးတိုးတက်နေကြပြီဖြစ်ပါတယ်။ ငွေးချို ရေလှောင်တမံ တည်ဆောက်ပေးခဲ့တဲ့အတွက် ၂၀၀၈-၂၀၀၉ ခုနှစ် စိုက်ပျိုးရာသီကစပြီး နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် မြို့နယ်အတွက် စိုက်ပျိုးဧကများ တိုးတက်ရသလို ဒေသဝမ်းစာဖူလုံရေးအတွက် များစွာထောက်ကူပေးလျက်ရှိပါတယ်"ဟု စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည်။

ထို့နောက် မြို့နယ် ဥက္ကဋ္ဌ ဦးဇော်စိုး၏ စီစဉ်ပေးမှုဖြင့် ငွေးချိုရေလှောင်တမံ၏ အနေအထား၊ နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေ၊ ဒေသခံပြည်သူတွေ၏ ရင်တွင်းစကား စသည်များကို ကိုယ်တိုင်ကိုယ်ကျ ကြားသိတွေ့မြင်ရန်အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသန်းစိန်တို့နှင့်အတူ ငွေးချိုရွာသို့ ဆိုင်ကယ်စီးပြီး ခရီးနှင်ခဲ့ပါတော့သည်။

ကျွန်တော်တို့ ကြေးမုံသတင်းအဖွဲ့ ငွေးချိုရေလှောင်တမံသို့ ရောက်သောအခါ ဦးစီးအရာရှိ ဦးခင်မောင်ထွေး က "ဒီငွေးချိုရွာဒေသခံတွေဟာ ယခင်က မိုးတစ်သီးသာ စိုက်ပျိုးနိုင်တဲ့ဒေသဖြစ်ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေကတော့ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပြောင်း၊ ဧရှတ်တို့ဖြစ်ပါတယ်။ ဖြစ်ဖြစ်မြောက်မြောက် အောင်အောင်မြင်မြင်တော့ မဟုတ်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ မိုးရေတစ်မျိုးတည်းကိုပဲ အားကိုးစိုက်ပျိုးရတော့ မိုးရေမှန်တဲ့နှစ်တွေမှာ အောင်မြင်ပေမယ့် မိုးရေမမှန်တဲ့နှစ်တွေမှာ တစ်ကွင်းလုံးအရင်းရှုံးကြရပါတယ်။ ယခုတော့ နိုင်ငံတော်က ငွေးချိုရေလှောင်တမံကို တည်ဆောက်ပေးခဲ့တဲ့အတွက် ၂၀၀၈-၂၀၀၉ ခုနှစ်မှာ မိုးစပါး ၂၀၆ ဧက၊ နွေစပါး ၈၅ ဧက၊ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ မိုးစပါး ဧက ၂၀၀၊ ယခုနွေစပါး ၂၅ ဧကနှင့် ဆောင်းသီးနှံပါ တစ်နှစ်ကို သုံးသီးစိုက်ပျိုးလို့ ဒေသခံတွေဝင်ငွေ တိုးလို့ဖွံ့ဖြိုးနေကြပါပြီ"ဟု ရှင်းပြခဲ့ပါသည်။ ထို့နောက် မြို့နယ်မန်နေဂျာ ဦးသန်းစိန်အား မေးမြန်းခဲ့ရာ "ငွေးချိုဒေသခံလယ်သမားတွေက အရမ်းတက်ကြွကြပြီး အရမ်းကြိုးစားကြပါတယ်။ တစ်နှစ်ထက်တစ်နှစ် အတွေ့အကြုံများလည်းရှိလာကြသလို ကြိုးစားရင်ကြိုးစားသလို အကျိုးများတယ်ဆိုတာကိုလည်း အမှန်တကယ် ခံစားကြရတော့ သိလာကြတယ်။ ပြီးတော့ တကယ်လုပ်ရင် အဟုတ်ဖြစ်တယ်"ဟု ရှင်းပြသည်။

ထပ်မံ၍ လယ်သမားကြီး ဦးချစ်ခိုင်က "ကျွန်တော်တို့ဒေသက ပူပြင်းခြောက်သွေ့တဲ့ဒေသပါ။ မိုးရာသီရောက်မှ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဧရှတ်၊ ပြောင်း စတဲ့ သီးနှံစိုက်ပျိုးကြပါတယ်။ နွေစပါးဆိုတာဝေးလို့ မိုးစပါးဆိုတာလည်း လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ရွာအနောက်မှာ တစ်ကွင်းစ နှစ်ကွင်းစ စိုက်ခဲ့ဖူးပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ တောခြောက်ခြောက် တောင်ခြောက်ခြောက်နဲ့ ချောင်ကျလှတဲ့ ကျွန်တော်တို့ရွာအနီး ဆည်တမံကြီးကို နိုင်ငံတော်က ဆောက်ပေးခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ရွာသားတွေ မိုးစပါး၊ နွေစပါး စိုက်ပျိုးကြရတဲ့အပြင် ဆောင်းသီးနှံ ကုလားပဲ၊ မြေပဲ၊ ပြောင်း၊ ဝါ၊ နေကြာသီးညှပ်နှင့်အတူ ဟင်းသီးဟင်းရွက်များပါ စိုက်ပျိုးလာနိုင်ကြပြီး ဖြစ်ပါတယ်။ သောက်သုံးရေလည်းရ သဘာဝဝန်းကျင်လည်း စိမ်းစိုမှုတ သာယာလှပနေပါတယ်"

"ကျွန်တော်က ဒီနှစ်နွေစပါး နှစ်ဧကစိုက်ပျိုးထားပါတယ်။ တစ်ဧကရင်းနှီးစရိတ်က မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ စိုက်ပျိုးခ၊ တမန်းနိုးခ၊ ရိတ်သိမ်းခြွေလှေ့ခ အပါအဝင် ၁၅၀၀၀၀ ကျပ်ခန့် ရှင်းရပါတယ်။ စပါးအထွက်က တစ်ဧက ၁၂၅ တင်းကတော့ အေးအေးဆေးဆေးထွက်ပါတယ်။ မနှစ်ကစပါးဈေး တစ်တင်း ၅၀၀၀ ကျပ်နဲ့တွက်ရင်တောင် ခြောက်သိန်းကျော်လောက်ရတော့ ရင်းနှီးစရိတ် နုတ်ရင် ၄၅၀၀၀၀ ကျပ်ခန့် အကျိုးအမြတ်ရရှိနိုင်ပါတယ်။ မိုးစပါးလည်းစိုက်ခဲ့ပါတယ်။ တစ်ဧက လေးသိန်းလောက် အမြတ်ရခဲ့ပါတယ်။ ဒီနွေစပါးရိတ်သိမ်းပြီးတဲ့အခါ ကျန်ရှိနေတဲ့မြေအစိုဓာတ်နဲ့ မြေဩဇာပြည့်ဝနေတဲ့မြေမှာ ကုလားပဲဆက်စိုက်သွားမှာပါ၊ ယခင်နှစ်က ကုလားပဲတစ်ဧက ငါးသိန်းလောက် အမြတ်ရခဲ့ပါတယ်၊ နွေတစ်ဧက မိုးတစ်ဧက ဆောင်းတစ်ဧက စိုက်ပျိုးရင်း တစ်နှစ်ကို ၁၄ သိန်းလောက် အကျိုးအမြတ်ရရှိနေကြပါပြီ၊ ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၁၂၀၊ လူဦးရေက ၅၄၈ ဦးနေထိုင်ကြပါတယ်၊ အမှတ်(၃၃)မူလတန်းကျောင်းရှိပါတယ်၊ ကျေးရွာစာကြည့်တိုက်လည်း ဖွင့်လှစ်ထားရှိပါတယ်၊ မိရိုးဖလာလုပ်ငန်းကတော့ ရက်ကန်း၊ ထန်းနဲ့ သိုး၊ နွား၊ ဆိတ်တို့ မွေးမြူကြပါတယ်။ အရင်ကတော့ စားဝတ်နေရေး အတော်ခက်ခဲခဲ့ပါတယ်၊ စိုက်ရေးပျိုးရေး ရေတက်မအေးရတဲ့ ကျွန်တော်တို့ဘဝ ယခုတော့ တစ်နှစ်ကို သုံးသီးစိုက်ပျိုးပြီး အကျိုးတရားတိုးပွားစွာခံစားနေကြလို့ တစ်ရွာလုံးလည်း ပြုံးပျော်နိုင်ကြပြီဖြစ်လို့ နိုင်ငံတော် လူကြီးမင်းများကို ကျွန်တော်တို့ တစ်ရွာလုံးက ကျေးဇူးတင်နေကြတာပါ"ဟု ဝမ်းပန်းတသာ ကျေးဇူးစကား ပြောကြားရင်း ရှင်းပြခဲ့ပါသည်။

သို့ဖြစ်ရာ ယခင်က ယာမြေတွင် မိုးတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ကြပြီး ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ ဆူကြုံနိမ့်မြင့် မခွဲခြား နိုင်ငံသူနိုင်ငံသားအားလုံးအပေါ် စေတနာထား မေတ္တာပွား အကြားအလပ်မရှိ ဖြည့်ဆည်းပေးမှုများကြောင့် အညာဒေသ ချောင်ကျလှတဲ့ ငွေးချိုရွာကလေးသည် ယာမြေမှလယ်မြေပြောင်း တစ်နှစ်ကို သုံးသီးစိုက်ပျိုး ဝင်ငွေတိုးလို့ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက် အကျိုးဆက်တို့ကို ခံစားနေကြရပြီဖြစ်ပါတော့သည်။ ။

ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး ရှင်းလင်းပြောပြစဉ်။

ငွေးချိုရေလှောင်တမံ ရေသောက်ဧရိယာအတွင်း အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်း။

ရေပေးမြောင်းမကြီးမှ ရေပေးနေမှုနှင့် နွေစပါးစိုက်ခင်းများ။

ငွေးချိုရွာသား လယ်သမားကြီး ဦးချစ်ခိုင် လက်တွေ့စိုက်ပျိုးရေးအခြေအနေကို ရှင်းပြစဉ်။

○ **ကျောဖုံးမှ**

အညိုရင့်နှင့် အဖြူရောင်များအဖြစ် ပြောင်းလဲလိုက်သည့်အပြင် ရေတွင်ကူးခပ်သွားလာပုံကိုပါ အဆိုပါငါးများ၏ ပုံစံမျိုးအတုခိုးသွားလာသည်ကို တွေ့ရှိရကြောင်း ဖော်ပြခဲ့သည်။

ကာလီဖိုးနီးယားသိပ္ပံအကယ်ဒမီနှင့် အပြည်ပြည်ဆိုင်ရာ သဘာဝသားရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး (အင်ဒိုနီးရှား)မှ သိပ္ပံပညာရှင်များက အဆိုပါရေဘဝဲများ၏ ထူးခြားဆန်းကြယ်သောသဘာဝနှင့် အဘယ့်ကြောင့် ဤသို့ဟန်ဆောင်သည့်နည်းလမ်းကို သုံးရသည်တို့ကို နားလည်ရန် လေ့လာခဲ့ကြပြီး လင်နီယံအသင်းမှ ထုတ်ဝေသည့် ဇီဝဗေဒဂျာနယ်တွင် ရေးသားတင်ပြထားသည်။

(သိပ္ပံနေ့စဉ်)

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်တွင် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနက တိုးချဲ့ဆောက်လုပ်သော အလက(၅)၊ အမက (၈)၊ အမက(၄၃) ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ခရိုင်ပညာရေးမှူး ဦးရှိန်းလိန်းအောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၅၃)

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်း မြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများ ရှိရာမြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

- လူနေအိမ်နှင့် စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

တရားသူကြီးချုပ် ဦးအောင်တိုး တရားသူကြီးများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၃၀

တရားရုံးချုပ်(ရန်ကုန်)ကဖွင့်လှစ်ခဲ့သော ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂၀)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၄၆)တို့တွင် တက်ရောက်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများ၌ ဆုရရှိခဲ့ကြသည့် တရားသူကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တရားရုံးချုပ်(ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တရားသူကြီးချုပ်က ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၆)တွင် သင်တန်းသားစံပြဆုရရှိခဲ့သူ ဦးတင့်ဖုန်းအောင်နှင့် သင်တန်းသူစံပြဆုရရှိသူ ဒေါ်အိအိဖြိုးတို့အား လည်းကောင်း၊ သင်တန်းသား ပထမဆုရရှိသူ ဦးအောင်ခိုင်မိုး၊ သင်တန်းသား ဒုတိယဆုရရှိသူ ဦးစည်သူထွန်းတို့အား လည်းကောင်း၊ တရားရုံးချုပ် လေ့ကျင့်ရေးဌာန လှိုင်သာယာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂၀)တွင် ပထမရရှိခဲ့သူ ဒေါ်ယဉ်မွန်စိုးနှင့် ဒုတိယရရှိခဲ့သူ ဒေါ်ခင်ချိုဝင်းတို့အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တရားသူကြီးချုပ်က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၉)တွင် သင်တန်းသူစံပြဆုရရှိသော ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်သော်ဒါစိန်၊ သင်တန်းသူပထမဆု ရရှိသော ပဲခူးခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်၊ အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၃)တွင် သင်တန်းသူစံပြဆုရရှိခဲ့သော ကလေးသူငယ်တရားသူကြီး ဒေါ်ညိုမီစံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၆)တွင် သင်တန်းသူ ဒုတိယဆုရရှိသော ရွှေဘိုခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်မြသွေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၂)၌ သင်တန်းသူ ဒုတိယဆုရရှိသောတရားရုံးချုပ်(နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီထူး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၅)၌ သင်တန်းသားစံပြဆုရရှိသော တောင်ငူခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဦးဝင်းမြိုင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တရားသူကြီးချုပ်က ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂၀)မှ သင်တန်းသားများအား ဂုဏ်ပြုလွှာများနှင့် တာဝန်ပေးအပ်လွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားသူကြီးချုပ် ဦးအောင်တိုး ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂၀) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၆) တို့တွင် တက်ရောက်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းများတွင် ဆုရရှိခဲ့သည့် တရားသူကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူမိဘများဖြစ်ကြသော ရွှေပန်းထိမ်ဆရာကြီး ဦးမောင်သန့်-ဒေါ်အမာတို့အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာနေ ဒေါ်စန်းစန်း(ရွှေနေချပ်ရုံး-ငြိမ်း)မိသားစုက ထာဝရ ဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ လှူဒါန်းစဉ်။ (ကြေးမုံ)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရေးပဒေသာပင် စိုက်ထူပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ အကောက်ခွန်ဦးစီးဌာန ဓမ္မာရုံ၌ ကျင်းပရာ ကန်တော့ခံအဘိုး၊ အဘွားများ၊ ကျောက်ပန်းတောင်း မြို့နယ်အသင်း နာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အသင်းဥက္ကဌ ဦးနေဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး နာယက ဝန်ကြီး ဦးလှထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အသင်းဝင်များက ကန်တော့ခံ အဘိုး၊ အဘွားများအား လက်အုပ်ချီကန်တော့ကြပြီး ကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား အဘိုး ဦးမောင်ကလေး (သောကြာ)က ဩဝါဒစကား ပြောကြားသည်။

ယင်းနောက် ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)အတွက် နာယက ဝန်ကြီး ဦးလှထွန်းနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဌနှင့် အလုပ်အမှုဆောင်များက လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးရာသီဘဏ်ချေးငွေ ထုတ်ချေး

ရေဦး ဩဂုတ် ၃၀

ရေဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၀ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ကျပ်သိန်း ၉၀၀၀ ကို ကျေးရွာ ၅၉ အုပ်စုမှ တောင်သူ ၈၇၀၀ တို့အား စပါးစိုက်ဧက ၄၅၀၀၀ အတွက် ထုတ်ချေးခဲ့ကြောင်း သတင်းရရှိသည်။ (၃၉၀)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) (သစ်ကြိမ်း-ထုံးဘိုကြီး) ကတ္တရာလမ်းဘေး ခရိုင်ချင်းဆက်လမ်းနှင့် ကျေးလက်လမ်းဆုံတွင် ၅ ပေ × ၁၀ ပေအကျယ် လမ်းညွှန်ဆိုင်းဘုတ်စိုက်ထူမှုကို ဩဂုတ် ၂၆ ရက်က ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကျိုက်မရော ဩဂုတ် ၃၀

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဩဂုတ် ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေမြောင်း ဆယ်ယူသန့်ရှင်းရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"တရားကိုသာအားကိုးပါ" တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
၆း၄၅	ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၄)**
၈း၃၀	Sports World
၈း၅၅	Activities In the City (တိပိဋကဂန္ထဝင်နိကာယ်ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ)
၉း၁၀	ပန်းချီပညာရှင်နှင့်ဝါသနာရှင်တို့၏ ရောင်စုံခံစားချက်ပန်းချီကားများ
၉း၂၅	မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၉း၄၅	Cartoon Show Time (MICKEY'S MESSAGE From MARS)
၁၀း၁၅	ရန်ကုန်မြင်ကွင်းကျယ် (City & Guilds Vocational Education Fair 2010 ပြပွဲနှင့် ပတ်သက်၍စာနယ်ဇင်းမိတ်ဆက်ပွဲ)
၁၀း၂၅	အမှန်ချစ်မှ အချစ်မှန် (ဖြိုးငွေစိုး၊ မေနန်းခေါင်၊ ထက်ရှား၊ ဒေါ်အိအိစိုး)(ဒါရိုက်တာ-ကြည်စိုး)
၁၀း၃၀	ဟိုတယ်လမ်းညွှန် (Silver Swan)
၁၀း၅၀	ပေတောမှ ပန်းကလေးများ တင့်ရှန်းဝေ သာယာစေဖို့ ပက်ဖျန်းပေးမယ့် မိုးစက်ရေ
၁၁း၀၅	Sports Diary
၁၁း၃၀	Parkway Health ၏ကင်ဆာရောဂါများအကြောင်းသိကောင်းစရာများ(ဓာတ်ရောင်ခြည်ကုထုံးများနှင့်ပတ်သက်ပြီးဆွေးနွေးခြင်း)
၁၂း၀၅	ကေတုမတီ (တောင်ငူ)မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် ပွဲတော်အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား
၁၂း၃၅	မြန်မာစာ၊ မြန်မာစကား
၁း၀၀	"တရားကိုသာအားကိုးပါ" တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
၁း၄၅	ကပ်လှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်ငယ်
၂း၀၀	MRTV-4 သတင်း
၂း၄၅	World of Knowledge (WORLD CYBER GAMES)
၃း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၄)**
၄း၂၀	မူဟန်ကိုယ်စီတေးကိုသီ
၄း၃၀	မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
၄း၄၅	မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၅း၁၀	ပန်းချီပညာရှင်နှင့် ဝါသနာရှင်တို့၏ ရောင်စုံခံစားချက် ပန်းချီကားများ
၅း၂၅	Shooting Making (အချစ်ကိုအမုန်းနဲ့မြှောက်တော့ အလွမ်းပေါ့ကိုကိုရယ်)
၅း၄၅	Celebrity Style (ပုလဲဝင်းနှင့်တွေ့ဆုံခြင်း)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Cartoon Show Time (MICKEY'S MESSAGE From MARS)
၆း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Navitas' International Education Exhibition)
၇း၀၅	သင်ကြားရေးလမ်းညွှန် (MSWI ITနည်းပညာသင်တန်းကျောင်း)
၇း၂၅	ဂီတသရုပ်ပြခန်း (ပို့ပို့-ချစ်လို့)
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (City & Guilds Vocational Education Fair 2010 ပြပွဲနှင့် ပတ်သက်၍စာနယ်ဇင်းမိတ်ဆက်ပွဲ)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ကေတုမတီ (တောင်ငူ)မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် ပွဲတော်အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား
၉း၀၀	ဟိုတယ်လမ်းညွှန် (Silver Swan)
၉း၁၅	Celebrity Style (ပုလဲဝင်းနှင့်တွေ့ဆုံခြင်း)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၄)**
၁၀း၀၀	Sunday Talk
၁၀း၅၅	ရန်ကုန်မြင်ကွင်းကျယ် (Navitas' International Education Exhibition)
၁၁း၀၀	Activities In the City (တိပိဋကဂန္ထဝင်နိကာယ်ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ)
၁၁း၃၀	ပေတောမှ ပန်းကလေးများ တင့်ရှန်းဝေ သာယာစေဖို့ ပက်ဖျန်းပေးမယ့် မိုးစက်ရေ
၁၁း၄၀	မေတ္တာသည်သာတတ်စွမ်းနိုင်တာ
၁၁း၅၅	ရွှေတောင်မြို့မှစည်းလုံးချည်
၁၂း၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘော်လီဘောနည်းပြဆရာ ဆွေးနွေးပွဲ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

အားကစားဝန်ကြီးဌာန၊ အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဘော်လီဘောနည်းပြဆရာဆွေးနွေးပွဲ သင်တန်းဆင်းပွဲ (Ministry of Sport Asian Volleyball Comfederation and Myanmar Volleyball Federation Technical Seminar Closing Ceremony) ကို ဩဂုတ် ၂၉ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ရှိ ဂိုးဟိုတယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် နည်းပြဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ပြည်ပနည်းပြဆရာProfessor Chang က နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်း ပေးအပ်ပြီး မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြည်ပနည်းပြဆရာ Professor Chang အား အမှတ်တရလက်ဆောင်ကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဘော်လီဘောနည်းပြဆရာတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။

(ဘော်လီဘောအဖွဲ့ချုပ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် (ကွာတားဖိုင်နယ်)ပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် (ကွာတားဖိုင်နယ်)ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန သုံးဂိုး

(စိုင်းနန္ဒဝင်း၊ ပြည့်ဖြိုးအောင်၊ စိုးဝင်းသန်း)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှစ်ဂိုး

(ကျော်ဇေယျ)

(ဒိုင်) ဦးသိန်းစော (မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၃၀ရက်က ပေါင်းလောင်းအားကစားပြိုင်ကွင်းတွင် တတိယအဆင့် (ကွာတားဖိုင်နယ်) ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်/စည်ပင်အသင်းနှင့် ဆက်သွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြသည်။ (၁၀၇)

မိဘ ဦးချစ်စိန်-ဒေါ်အုန်းကြည်တို့အား အမှူးထား၍ သံလွင်လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ သားကြီး မောင်သန်းဦး-ဇနီး မလျှောင်ပိတ်ခိုင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၁၀၁ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာလှမြင့်နှင့် အတွင်းရေးမှူး ဦးသိန်းအောင်တို့ လက်ခံစဉ်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဇွဲကပင်အသင်း၏ခြေစွမ်းပြမှုကြောင့် ဉဿာယူနိုက်တက်အသင်း နိုင်ပွဲရရန် ခက်ခဲစွာကစားခဲ့ရ

ရန်ကုန် ဩဂုတ် ၃၀

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၄) နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဉဿာယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဉဿာယူနိုက်တက်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဉဿာယူနိုက်တက် - လေးဂိုး

(လစ်ပီလစ်ပီ-သုံးဂိုး၊ မာဆီယို)

ဇွဲကပင်ယူနိုက်တက် - သုံးဂိုး

(အောင်စိုးမိုး-နှစ်ဂိုး၊ နန္ဒလင်းကျော်ချစ်)

ဒုတိယအကျော့၏ ပထမဦးဆုံးနိုင်ပွဲကို ဉဿာယူနိုက်တက်အသင်းရယူနိုင်ခဲ့သော်လည်း ဇွဲကပင်အသင်း၏ ခြေစွမ်းပြကစားမှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ဇွဲကပင်အသင်းမှာ အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးအပြိုင်အဆိုင်သွင်းယူနိုင်ခဲ့သော်လည်း ပယ်နယ်တီနှစ်ကြိမ် ပေးခဲ့ရသောကြောင့် ပထမဦးဆုံး ရမှတ်ရမည့်အခွင့်အရေး ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

ရမှတ်မရရှိသေးသော်လည်း ဒုတိယအကျော့တွင် ကစားပုံပိုကောင်းလာသည့် ဇွဲကပင်ယူနိုက်တက်အသင်းမှာပထမပိုင်းတွင် ဉဿာကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ဉဿာဂိုးပေါက်ကိုခြိမ်းခြောက်နိုင်ခဲ့သည့် ဇွဲကပင်အသင်းမှာ ၁၅မိနစ်တွင် ဦးဆောင်ဂိုးစရခဲ့ပြီး အောင်စိုးမိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းမှာ အနိုင်ကို ထိန်းရန်ကြိုးစားခဲ့သော်လည်း သုံးမိနစ်အကြာတွင် ပယ်နယ်တီ ပြန်ပေးခဲ့ရသည်။ အဆိုပါ ပယ်နယ်တီကို တိုက်စစ်မှူးလစ်ပီလစ်ပီက ဉဿာအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီး ၃၇ မိနစ်တွင် ၎င်းကပင် ဉဿာအတွက် ဒုတိယဂိုး ထပ်မံသွင်းယူသွားခဲ့သည်။

ဒုတိယပိုင်းတွင် ပွဲမှာအကြိတ်အနယ်ရှိလာပြီး ဂိုးအပြန်အလှန်သွင်းခဲ့ကြသည်။ ၅၆ မိနစ်တွင် နန္ဒလင်းကျော်ချစ်က ဇွဲကပင်အတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ၆၄ မိနစ်တွင် ဇွဲကပင်ခံစစ်ပိုင်းအမှားမှတစ်ဆင့် မာဆီယိုက ဉဿာအတွက် တတိယဂိုးထပ်မံသွင်းယူသွားသည်။ ၇၃ မိနစ်တွင် အောင်စိုးမိုးက ဇွဲကပင်အတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ၈၆ မိနစ်တွင် ဉဿာအတွက်အနိုင်ဂိုးကို လစ်ပီလစ်ပီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူသွားသည်။

၁-၉-၂၀၁၀

MFF Cup ရှုံး/ထွက်ပြိုင်ပွဲ

ညနေ ၃ နာရီခွဲ

(သုဝဏ္ဏကွင်း)

ဇေယျာရွှေမြေ - မနောမြေ

(အောင်ဆန်းကွင်း)

ဉဿာယူနိုက်တက်-နေပြည်တော်

(ကြေးမုံ)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၀ ဒသမ ၂၇ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၇၂ လက်မနှင့် သာယာဝတီမြို့တွင် ၂ ဒသမ ၆၀ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၃၁ ရက် ညနေထိခန့်မှန်းချက်။ ။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၂ဒသမသုညဒီဂရီစင်တီဂရိတ်) ၉၀ ဒီဂရီဖာရင်ဟိုက်		၂၉-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုညဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်		၃၀-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း	၃၀-၈-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၂၇ လက်မ	၃၀-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၀ဒသမ၈ဒီဂရီစင်တီဂရိတ်) ၈၇ ဒီဂရီဖာရင်ဟိုက်		၂၉-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ဒသမ၂ဒီဂရီစင်တီဂရိတ်) ၇၆ ဒီဂရီဖာရင်ဟိုက်		၃၀-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၂ ရာခိုင်နှုန်း	၃၀-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	သုည ဒသမ ၄နာရီခန့်	၂၉-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၀-၈-၂၀၁၀	TR	၁ မမ (သုည ဒသမ ၀၄ လက်မ)	၁၁ မမ (သုည ဒသမ ၄၃ လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၅၀၃ မမ (၅၉ ဒသမ ၁၇ လက်မ)	၁၆၆၅ မမ (၆၅ ဒသမ ၅၅ လက်မ)	၁၉၂၃ မမ (၇၅ ဒသမ ၇၁ လက်မ)

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၈-၂၀၁၀ရက် ၆း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်းတိုက်ခတ်သည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၃၁-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေး (၃၈)ဖြာမင်္ဂလာ
၈း၀၀	နံနက်ခင်းတေးပဒေသာ စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (ကြည့်တတ်ကြပါစေ)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးကျည်းကြော် ကင်ပွန်းချဉ်ဟင်းနဲ့ ငါးပိသုတ်) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on line (ဗညားဟန်)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song
၁၂း၄၀	တေးပဒေသာ ပြုံးပဒေသာ (အတူတူပါပဲ+၃)
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (သတ္တမတန်း ပြည်ထောင်စုစိတ်ဓာတ်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မေတို့တွက်တာ အလှကမ္ဘာ (လက်သည်းရှည်ထားသင့် မထားသင့်)
၅း၁၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၅၅)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ဘာအရေးကြီးဆုံးလဲ -စာရေးဆရာများ ၂။ အဆိပ်သင့်မိဘမေတ္တာနှင့် အခြားလက်ရွေးစင်စာစုများ (မောင်သိန်းလွင်)
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (အသည်းအိမ်ထောင့် တစ်နေရာမှ)
၇း၃၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	၂၀၁၀ ခုနှစ် စက်တင်ဘာလ အတွက်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၈း၃၀	တေးစီးရီး (မောင့်ငယ်ဖော်ကို လွမ်းတဲ့ည - ကိုင်ဇာ) စီးပွားရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ပညာတန်ဆောင် စာပေပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ကြေညာ

ရန်ကုန် ဩဂုတ် ၃၀

၁၉၅၂ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သော "ပညာတန်ဆောင်မဂ္ဂဇင်း" သည် တွဲဖက်ကျောင်းနှင့် ကျောင်းခွဲများ အပါအဝင် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဝန်ထမ်းများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်များ၊ ပညာရေး ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့မှ အငြိမ်းစားအရာထမ်း၊ ဝန်ထမ်းများအပါအဝင် အရာထမ်း၊ ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည့် ပညာတန်ဆောင် စာပေပြိုင်ပွဲ ကို နှစ်စဉ်ကျင်းပပြီး ပြိုင်ပွဲဘာသာရပ်အလိုက် အကဲဖြတ်အဖွဲ့များက စိစစ်ရွေးချယ်ကာ ဆုများချီးမြှင့်ပေးလျက်ရှိသည်။

ယခု ၂၀၁၀ ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲကို ဘာသာပြန်ပြိုင်ပွဲ၊ ဖတ်မှတ် စွမ်းရည်ပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ပညာတန်ဆောင် ဦးသန်းညွှန့် စာပေဆု ဝတ္ထုလတ် ပြိုင်ပွဲ၊ တစ်မျက်နှာ ဝတ္ထုတိုပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့သို့ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလထုတ် ပညာတန်ဆောင်မဂ္ဂဇင်းအတွဲ (၅၉)၊ အမှတ်(၂)တွင် ပြိုင်ပွဲကြေညာချက်ဖြင့် ဖိတ်ခေါ်ထားခဲ့ပြီး ပြိုင်ပွဲဝင်စာမူများကို စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထားကာ စာတည်းမှူး ပညာတန်ဆောင်မဂ္ဂဇင်းတိုက် အမှတ်(၆) ရန်အောင်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့လိပ်စာဖြင့် ပေးပို့ယှဉ်ပြိုင် နိုင်ကြကြောင်း သိရှိရသည်။

အကြောင်းကြားထား

အဆိုပါ စာပေပြိုင်ပွဲ၌ အခြေခံပညာမူလတန်း၊ တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည့် ရုပ်ပုံကြည့် စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူးများက စက်တင်ဘာ၁၉ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြိုင်ပွဲကျင်းပပေးပြီး အဖွဲ့က စိစစ်ရွေးချယ်သော အကောင်းဆုံး နှစ်စောင်ကို အောက်တိုဘာ ၁၁ ရက် နောက်ဆုံးထားပေးပို့ကြရန်လည်း မြို့နယ်များသို့ စာဖြင့် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမ္ဘာ့ဗုဒ္ဓ စာအုပ် ထွက်ရှိ



နေပြည်တော် ဩဂုတ် ၃၀

ကောင်းစျာန်သိမ်း ရေးသားပြုစုသည့် 'ကမ္ဘာ့ဗုဒ္ဓ' စာအုပ် ယနေ့ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် သာသနာတော် ထွန်းကားပုံ၊ ပရိနိဗ္ဗာန်ပြုပြီး သရီရဓာတ်တော်များ ရှစ်ပြည်ထောင်သို့ ဖြန့်ဝေပုံ၊ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ပုံ၊ စေတီဘုရားတည်ထားခြင်းနှင့် ကိုးကွယ်ဆည်းကပ်ခြင်း အကျိုးကျေးဇူး၊ သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း ၈၄၀၀၀ ဆိုသည်မှာ၊ ကမ္ဘာပေါ်ရှိ နိုင်ငံ ၆၄ နိုင်ငံမှ ဗုဒ္ဓဘာသာ ကိုးကွယ်သူများ၊ သက်ရှိထင်ရှားမြတ်စွာဘုရား၊သာသနာ ၅၀၀၀ ပြည့်သောအခါ၊ သူတော်ကောင်းတရား ထုံမွှမ်းသောပုဂ္ဂိုလ် သေလွန်ပြီးသောအခါ၊ ရောင်စုံအဖြူ အမည်းရှားပါးဓာတ်ပုံများစွာဖြင့် မြတ်စွာဘုရား၏ သရီရဓာတ်တော်များ တည်ရှိသည့် တောင်အာရှနိုင်ငံများမှ စေတီဘုရားများ၊ ဗဟိုအာရှမှ စေတီဘုရားများ၊ အရှေ့တောင်အာရှမှ စေတီဘုရားများကို ဓာတုပရိနိဗ္ဗာန် မစံဝင်သေးသော ယနေ့ကာလတွင် ဘုရားရှင်၏ သရီရဓာတ်တော် စေတီ ဘုရားများအား ကိုယ်တိုင် သွားရောက်ဖူးမြော်လိုသူများအတွက် လည်းကောင်း၊ နေအိမ်တွင်ပင် ဖတ်ရှုကြည်ညိုလိုသူများအတွက်လည်းကောင်း ဆောင်ထားရမည့် ဗုဒ္ဓစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

ဖတ်ရှုပူဇော်လိုသူများသည် ဖုန်း- ၀၁- ၇၃၁၀၂၁၃၃၊ ၀၁-၂၉၇၈၇၈ တို့သို့ ဆက်သွယ်မှာယူ၍ လည်းကောင်း၊ ရွှေလက်ဆောင်စာပေ အမှတ်(၄၄၈) ရွှေဘုံသာလမ်းအထက်၊ အမှတ် (၂၃၃/ ၂၃၅) (၃၂)လမ်း အထက် ပန်းဘဲတန်းမြို့နယ်နှင့် မေတ္တာမွန်စာပေ အမှတ်(၇၇) (၅၂) လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ်တို့တွင် လည်းကောင်း ဝယ်ယူနိုင်ပြီး စာမျက်နှာ ၂၀၀ ကျော်၊ စက္ကူဖြူချော၊ ရောင်စုံပုံတော် အတ်ပေပါ ဖြစ်သည်။ တန်ဖိုးမှာ ကျပ် ၂၀၀၀ ဖြစ်သည်။ (သတင်းစဉ်)

CONCORDIA Int'l Co., Ltd. က Topcon အမှတ်တံဆိပ် ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၃၀

Concordia Int'l Co., Ltd. က တင်သွင်းဖြန့်ဖြူးသော နောက်ဆုံးပေါ် နည်းပညာအရည်အသွေးမြင့် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် (RTK)စနစ်သုံး DGPS များ၊ Geodetic Total Station များ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPS များ၊ Digital Theodolite များအပြင် Civilcad Software များအကြောင်းနှင့် အခြားမြေတိုင်း ပစ္စည်းများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၄ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပထမထပ်၌ ကျင်းပသွားမည်ဖြစ်သည်။

Topcon DGPS (RTK) တိုင်းတာရေးစနစ်ဖြင့် လမ်းအူကြောင်း ရှာဖွေခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကွန်တိုမြေပုံရေး ဆွဲခြင်းလုပ်ငန်းများတွင် အချိန်၊ လူအင်အားသက်သာစွာ အသုံးပြုနိုင်ခြင်း၊ တိုင်းတာမှုအဖြေမှာလည်း မီလီမီတာအဆင့်အထိ တိကျမှုရှိခြင်း၊ လက်ကိုင်အမျိုးအစား DGPS စနစ်သုံး GMS-2 မှာ ပေါ့ပါးခြင်း၊ Satellite မြေပုံများ ထည့်သွင်းနိုင်ခြင်းတို့ကြောင့် တစ်ကမ္ဘာလုံးတွင် တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။

Topcon အမှတ်တံဆိပ် GPT 7500 Series သည် Reflector မပါဘဲ လူသွားလူလာရန် ခက်ခဲသောနေရာများ၊ အဆောက်အအုံများ၊ ရေကာတာများ၊ ရေလယ်တိုင်နေရာများအား တိုင်းတာနိုင်ခြင်း၊ Touch Screen ပါခြင်း၊ USB Key ဖြင့် တိုင်းတာပြီး data များကို Download / Upload ပြုလုပ်နိုင်ခြင်း၊ GTS-235 N မှာလည်း တိုင်းတာသည့် အမှတ် ၂၄၀၀၀ တိုင်းတာနိုင်သည့်အပြင် Single Prism ဖြင့် နှစ်မိုင်ပတ်လည်ရှိ အရာဝတ္ထုများ၏ ကိုဩဒိနိတ်နှင့် အကွာအဝေးကို တိုင်းတာနိုင်ခြင်း၊ New Road Software ပါရှိခြင်းကြောင့် လမ်းအူကြောင်း တိုင်းတာမှုတွင်အလွန်အသုံးဝင်သော ပစ္စည်းဖြစ်ခြင်း၊ Total station အမျိုးအစားတစ်ခုဖြစ်သော TKS- 202 မှာ ဈေးနှုန်းသက်သာခြင်း၊ ဘက်ထရီအစားနှုန်း သက်သာခြင်း၊ Single Prism ဖြင့် ပေ ၆၀၀၀ တိုင်းတာနိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် လူကြိုက်များသော Topcon နည်းပညာလုပ် Total Station ဖြစ်သည်။

Topcon အမှတ်တံဆိပ် Civilcad Software သည် ကိုဩဒိနိတ်အမှတ်များကို အခြေခံ၍ ကွန်တိုရေးဆွဲခြင်း၊ Cross Section ရေးဆွဲခြင်း၊ Volume Calculation တွက်ပေးခြင်း ဒီဇိုင်းလုပ်ငန်းများအား အချိန်တိုအတွင်းရေးဆွဲပေးနိုင်သည်။

မိတ်ဆက်ရှင်းလင်းပွဲ အထူးအစီအစဉ်အဖြစ် GPS များ၊ ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများတွင် ကွန်တိုမြေပုံနှင့် မြို့ကြီး ၂၅ မြို့ မြေပုံကို ဈေးနှုန်းသက်သာစွာဖြင့် ထည့်သွင်းပေးမည်ဖြစ်သည်။

ယင်းမြေတိုင်းပစ္စည်းများသည် မြန်မာနိုင်ငံ ရာသီဥတုနှင့်ကိုက်ညီသည့် ရေစိုခံခြင်း၊ ဖုန်နှင့် သဲဒဏ်ခံနိုင်ခြင်းကြောင့် အလွန်ခံနိုင်ရည်မြင့်မားသော ပစ္စည်းများဖြစ်ပြီး စက်အားလုံးအတွက် တစ်နှစ်အာမခံပေးထားသည့်အပြင် Service Center များကို ရန်ကုန်တွင် ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း -၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀၀၉၂၂၃၊ ၇၃၀၀၉၂၁၇ နှင့် ၀၉-၅၀၀၅၉၁၂၊ Fax - ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း (၃၀) (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၂၈၊ ၆၉၃၀၃နှင့် ၀၉-၅၀၆၇၁၇၂၊ နေပြည်တော်တွင် အမှတ် (၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၁၈၉၊ ၄၂၁၃၆၂၊ ၀၉-၄၉၂၀၀၉၅၁နှင့် ၀၉-၄၉၂၀၀၉၅၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း စီးပွားရေး လုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Prajuab Supinee သည် ဩဂုတ် ၂၃ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်ပစ္စည်းလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်တွင် အသင်းချုပ်၌ ပူးပေါင်းကျင်းပရန် ဆွေးနွေးကြသည်။

ထိုင်းစီးပွားရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI ဖုန်း- ၂၁၄၃၄၄ ~ ၄၉ သို့ ဆက်သွယ်၍လည်းကောင်း၊ ကိုယ်တိုင်လာရောက်၍ လည်းကောင်း အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားကရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)

ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ ၅၀၄၀၇၉

(Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။

http://www. acmnursing training. com

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်း၊ပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်း အောင်လက်မှတ် ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ဘော်ဒါဆောင်ရှိပါသည်။ တန်းခွဲသစ်တစ်ခုလျှင်(၂၀)ယောက်သတ်မှတ်သည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်သည်။

"အောင်"ပြီး "ချမ်းမြေ့"မှုတွေရရှိရန် "အောင်ချမ်းမြေ" ကိုလာခဲ့ပါ။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)

အပတ်စဉ်(၁၃၂၇) ၆-၉-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၃၂၈) ၈-၉-၂၀၁၀ စမည်။ (တနင်္လာနှင့်အင်္ဂါ နားရက်)
အပတ်စဉ်(၁၃၂၉) ၁၀-၉-၂၀၁၀ စမည်။ (ဗုဒ္ဓဟူးနှင့်ကြာသပတေး နားရက်)

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)

အပတ်စဉ်(၁၃၃၀) ၇-၉-၂၀၁၀ စမည်။ (အင်္ဂါနှင့်ဗုဒ္ဓဟူး သင်)
အပတ်စဉ်(၁၃၃၁) ၉-၉-၂၀၁၀ စမည်။ (ကြာသပတေးနှင့်သောကြာ သင်)
အပတ်စဉ်(၁၃၃၂) ၁၁-၉-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေ သင်)

အထက်ဖော်ပြပါလပြတ်သင်တန်းများအတွက် အချိန်ဇယား
(နှစ်သက်သည့် အချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	06:30 am to 08:30 am
နံနက်ပိုင်း	(II)	09:30 am to 11:30 am
မွန်းလွဲပိုင်း	(III)	01:30 pm to 03:30 pm
ညနေပိုင်း	(IV)	04:30 pm to 06:30 pm
ညနေပိုင်း	(V)	05:30 pm to 07:30 pm

နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်း
(သုံးလအထူးသင်တန်းများ) (တစ်ပတ်ခြောက်ရက်သင်)

အပတ်စဉ်(၁၃၃၃) ၆-၉-၂၀၁၀ စမည်။ (တနင်္ဂနွေတစ်ရက်နား)
အပတ်စဉ်(၁၃၃၄) ၈-၉-၂၀၁၀ စမည်။ (အင်္ဂါတစ်ရက်နား)
အပတ်စဉ်(၁၃၃၅) ၁၀-၉-၂၀၁၀ စမည်။ (ကြာသပတေး တစ်ရက်နား)

9:30 am to 3:30 pm

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။



အမည်ပြောင်း

အဖ ဦးသိန်းဝင်း၏ သမီး အထက-တန်းလျားလေးရွာ ဒသမတန်း (A) မှ မရင်ရင်ဝင်းအား မယဉ်ယဉ်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

Air Con အဟောင်း၊ အပျက်များ ဈေးကောင်း ပေးဝယ်သည်။
ကိုမောင်မောင်တင်
၀၉-၅၀၈၅၈၅၀၊ ၇၃၀၉၅၉၅၀၊ ၅၅၁၉၆၇

ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ပညာပေးဆွေးနွေး

မုံရွာ ဩဂုတ် ၃၀

မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့် ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)မှ ကြီးမှူးကျင်းပသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဝါနှင့်ပိုးချည်လုပ်ငန်းဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မုံရွာခရိုင်အတွင်းရေးမှူး ဦးကံရှိန်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေက ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဖလား အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က မြို့နယ် အားကစားကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသော ကောင်းမှကောင်း အသင်းအား မြို့နယ်ယာယီဥက္ကဋ္ဌ ဒု-ရဲမှူးစိုးမြင့်လွင်က တံခွန်စိုက်ဆု ဖလားပေးအပ်ပြီး ခရိုင်အား/ကာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ ကောင်းမှကောင်းအသင်းမှ ကိုငယ်အား ဆုတံဆိပ် ချီးမြှင့်စဉ်။ (၅၄၀)

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့ပြလမ်းတစ်လမ်းဖြစ်သော မြို့မလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းပြီးစီးမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် အရန်သားဖွားသင်တန်းဆင်း

မော်လမြိုင်ကျွန်း ဩဂုတ် ၃၀

မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီတွင် မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံ လူထုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ ကျင်းပသည်။

ယင်းသင်တန်းဆင်းပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ခုတင် (၁၀၀) ဆေးရုံအုပ်ဒေါက်တာမျိုးသန့်ကသင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အရန်သားဖွားဆရာမ သင်တန်းသို့ မြို့နယ်အတွင်းမှ သင်တန်းသူ ၁၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရှိရသည်။ (၃၆၄)

ဆိပ်ဖြူမြို့ အိမ်တွင်းမှုကျောင်း သင်တန်းဆင်းပွဲကျင်းပ

ဆိပ်ဖြူ ဩဂုတ် ၃၀

ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၄)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ခင်မောင်ရွှေက သင်တန်းဆင်းအမှာစကား ပြောကြားပြီး**(အောက်ပုံ)** အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသူ မရွှေလဲ့ရည်နှင့် အခြေခံအိမ်တွင်းမှု သင်တန်းတွင် ထူးချွန်ဆုရရှိသူ မဆုလှိုင်တို့အားအပ်ချုပ်စက်တစ်စုံစီ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းတွင်ဒေသခံသင်တန်းသူ ၄၇ ဦး၊ ချင်းတိုင်းရင်းသူသုံးဦး စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

အဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးအတွက် အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးတို့ ပါဝင်သောအဖွဲ့ အောင်လံမြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ခြင်ဆေးဖျန်း

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ညှိနှိုင်း၍ အမှတ် (၃) ရပ်ကွက်နှင့် မြို့မဈေးတို့တွင် ခြင်ဆေးဖျန်းခြင်းကို ဒု-ဦးစီးမှူးဦးနေဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇီဝစူပါရှက်ဖျန်းမြေဩဇာ စုပေါင်းပက်ဖျန်း

ချောင်းဦး ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအုပ်စု ငါးယုန်ကျေးရွာ တောင်သူဦးဝင်းညွှန့်၏ ကွင်းအမှတ်(၂၀၃၈)၊ ဦးပိုင်အမှတ်-၄ (က)/၂၊ ဧရိယာ ၇ ဒသမ ၀၀ ဧက မြေကွက်၌ ဇီဝစူပါရှက်ဖျန်းမြေဩဇာ စုပေါင်းပက်ဖျန်းပွဲကို ဩဂုတ် ၁၁ ရက် နံနက်က ကျင်းပသည်။

အထွက်နှုန်းခန့်မှန်း

အဆိုပါစိုက်ခင်းမှာ မိုးမြေပဲနှင့် ပဲစင်းငုံ သီးညှပ်စိုက်ခင်းဖြစ်သည်။ မြေပဲမျိုးမှာ မကွေး (၁၀) ဖြစ်ပြီး ပဲစင်းငုံမျိုးမှာ ရွှေဒင်္ဂါးမျိုးဖြစ်သည်။ သီးညှပ်မြေပဲ တစ်ဧကအထွက်နှုန်းခန့်မှန်းမှာ ၅၃ ဒသမ ၃၀ တင်းဖြစ်ပြီး သီးညှပ်ပဲစင်းငုံ အထွက်နှုန်းခန့်မှန်းမှာ ၁၂ ဒသမ ၅ တင်းဖြစ်ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချမှုရှိ၊ မရှိ ဈေးဆိုင်များအား ဩဂုတ် ၂၄ရက်တွင် ဒု-ဦးစီးမှူး (အခွန်) ဒေါ်မြင့်အေးနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ NGO အဖွဲ့များနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ရေပေးရေး ကြည့်ရှုစစ်ဆေး

ကဝ ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပေါက်ကုန်းကျေးရွာ ညောင်ပင်လေးဆိပ်လေးလက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရေနုတ်မြောင်း တူးဖော်

အင်းတော် ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် ဦးကျော်လမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်နေမှုကို ရပ်ကွက်ဥက္ကဋ္ဌ ဦးတိုးမြင့်နှင့် အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

မြစ်ကြီးနားတွင် စက်သုံးဆီ ရောင်းချပေး

မြစ်ကြီးနား ဩဂုတ် ၃၀

GREEN LUCK TRADING CO., LTD. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင် ဦးဆောင်၍ ဒီဇယ်နှင့် ဓာတ်ဆီများကို စက်သုံးဆီသုံးစွဲသူများကို မြစ်ကြီးနားမြို့ GREEN LUCK TRADING CO., LTD. မှ ရောင်းချပေးလျက်ရှိရာ အရောင်းဆိုင်တာဝန်ခံ လက်ထောက်မန်နေဂျာ ဦးအောင်ကျော်ခိုင်နှင့် ဆိုင်ဝန်ထမ်းများက စနစ်တကျ ရောင်းချပေးလျက်ရှိကြောင်းသိရှိရသည်။

(၄၃၄)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ နှင်းဆီလမ်း၊ ယုဇနပလာဇာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၅)၊ ပထမထပ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဦးလှထွန်း [၁၀/မလမ(နိုင်)၀၄၁၂၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်ကိစ္စကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)(စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တီ-မစ်မစ်ကပ်စ် ရေဘဝဲ တစ်ကောင်က အဆိပ်ရှိ ငါးခွေးလျှာ တစ်ကောင် အသွင်ပြောင်းကာ ရေတွင် ကူးခတ်သွားလာနေပုံကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားမှ ရေဘဝဲတစ်မျိုး အခြားရေသတ္တဝါအဖြစ် ဟန်ဆောင်တတ်သည့်စွမ်းရည်ရှိ



အင်တာနက်သဘာဝသိပ္ပံသတင်း ဘာသာပြန် - နန်းထိုက်

ဂျကာတာ ဩဂုတ် ၃၀

အင်ဒိုနီးရှားနိုင်ငံမှ ရေဘဝဲတစ်မျိုးသည် အဆိပ်ရှိငါးများနှင့် ပင်လယ်မြွေများအဖြစ် ဟန်ဆောင်ကာ ၎င်းတို့၏စားကျက်များအတွင်း ဝင်ရောက် နေထိုင်ကျက်စားနိုင်သည့် စွမ်းရည်များကို ထူးထူးခြားခြား ပိုင်ဆိုင်ထားသည်။

အဆိုပါ ရေဘဝဲများသည် ၎င်းတို့နေထိုင်ရာနေရာ၏ နောက်ခံအရောင်အသွေးနှင့် ရောနှောကာ နေထိုင်တတ်ကြသည့် အလေ့အထ အစားအခြားအသားစားသတ္တဝါများအဖြစ် ဟန်ဆောင်နေထိုင်သည့် နည်းလမ်းကို ထူးခြားဆန်းကြယ်စွာ ပင် မကြာခဏ ကျင့်သုံးတတ်ကြကြောင်း လေ့လာသူများက တွေ့ရှိထားကြရာ ဤအလေ့အထသည် အခြားသတ္တဝါများကို ခြောက်လှန့်ရန်အတွက်ဖြစ်မည်ဟု သုတေသီများက ယုံကြည်ထားကြသည်။

တီ-မစ်မစ်ကပ်စ်ခေါ် အင်ဒိုနီးရှားရေဘဝဲများ၏ လှည့်စားမှုစွမ်းရည်နှင့် ပတ်သက်၍ ၁၉၉၈ ခုနှစ်တွင် သိပ္ပံသုတေသီများက စတင်တွေ့ရှိ ဖော်ထုတ်တင်ပြခဲ့ကြရာ အဆိုပါ ရေဘဝဲတစ်ကောင်သည် အဆိပ်ရှိ ငါးခွေးလျှာတစ်ကောင် ပုံစံအဖြစ် အသွင်ပြောင်းရာတွင် ၎င်း၏ခေါင်းနှင့် လက်တံများကို ပြားစေလိုက်ပြီး အရောင်ကိုလည်း

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

ဇွဲကပင်အသင်းမှ အောင်အောင်ဟိန်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဉဿာနောက်ခံလူ မာဆီယို ဖျက်ထုတ်စဉ်။ (ကြေးမုံ)

ဇွဲကပင်အသင်း၏ ခြေစွမ်းပြမှုကြောင့် ဉဿာယူနိုက်တက်အသင်း ခက်ခဲစွာကစားခဲ့ရ

(သတင်း စာမျက်နှာ-၁၀)

ပဲခူးမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

ပဲခူးမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့၌ ၉၁၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၁၀ မိနစ် ၄၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် မိုင် ၂၂၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း မြစ်ကြီးနားမြို့၏ အနောက်ဘက် မိုင် ၁၃၀ ခန့်အကွာနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)